ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (27-11-2014) (၈၀၃၇)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံရေးဖြစ်စဉ်ရှင်သန်လာမှုသည် ရေရာသေချာသောအဆင့်တစ်ခုကို တက်လှမ်းနိုင်ခဲ့ စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် နိုင်ငံရေးအင်အားစုများအားလုံးစုစည်းကြိုးပမ်းမှသာ အောင်မြင်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၆၇ ပါတီမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တွေ့ဆုံပွဲ၌ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရစတင်တာဝန်ယူသည့်အချိန်မှစပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံပြုပြင်ပြောင်းလဲရေးများကို အားလုံးလွှမ်းခြုံမှုရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပထမအဆင့်အနေဖြင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောချောမွေ့မွေ့ဖြစ်စေရန်အတွက် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ များစွာပြုလုပ်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အုပ်ချုပ်မှုစနစ်များကိုလည်း ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ရပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် ယခုအခါ တတိယလှိုင်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်နေခြင်းဖြစ်ပါကြောင်း။**


နိုင်ငံရေးအရရော၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအရရော ငြိမ်းချမ်းရေးအတွက်ပါ မိမိတို့ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့်အထဲမှ သိသာထင်ရှားသော ရလဒ်တစ်ခုမှာ နိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်လာခြင်းပင်ဖြစ်ပါကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများနှင့် နိုင်ငံရေးအင်အားစုအချင်းချင်း အပြန်အလှန်ဖယ်ထုတ်ရန် ကြိုးပမ်းသောနည်းလမ်းများမှ စေ့စပ်ဆွေးနွေးအဖြေရှာကြရန်ဆိုသည့် ယင်းနိုင်ငံရေးယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်လာသည့်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် ယနေ့ထိ လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန်နေခြင်းဖြစ်ပါကြောင်း၊ ထိုအခြေအနေကို **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

## ယနေ့ မာတိကာ

နှစ်နိုင်ငံဆက်ဆံရေးတွင် ယုံကြည်မှု၊ ရင်းနှီးမှု၊ ရိုးသားပွင့်လင်းမှုတို့ဖြင့် ခိုင်မာစွာလုပ်ဆောင် စာမျက်နှာ - ၃

ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေး စာမျက်နှာ - ၃

# ပိုမိုကျယ်ပြန့်သော အမျိုးသားနိုင်ငံရေးပါတီအင်အားစုများနှင့် တွေ့ဆုံမှုမှသည် အနာဂတ်ဒီမိုကရေစီလူ့ဘောင်သစ်ဆီသို့



“ တိုင်းရင်းသားတွေနဲ့ များများတွေ့နိုင်လေ ဒို့တာဝန်အရေးသုံးပါး ခိုင်မာလာလေပဲ ”

ဦးဇော်အေးမောင်(ရခိုင်အမျိုးသားပါတီ)

နိုင်ငံတော် Stakeholder များနှင့် နိုင်ငံရေးအင်အားစုပါတီများ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှုသည် ဒီမိုကရက်တစ်နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ်မည်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတော်၏အနာဂတ်ရေ့ခရီးနှင့် နိုင်ငံသားတို့၏ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံရေးပါတီများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးလေ့ရှိရာ နိုင်ငံရေးပါတီ (၆၇)ပါတီမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအပါအဝင် စုစုပေါင်း ၁၂၆ ဦးတို့နှင့် နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံခဲ့ပေသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၃၁ ရက်တွင်လည်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥရှော်ဂါခန်းမ၌ အမျိုးသားနိုင်ငံရေးအင်အားစု(၅)ဖွဲ့မှ ခေါင်းဆောင်များနှင့် နိုင်ငံရေးရာ ဆွေးနွေးပွဲကို ကျင်းပခဲ့ပေသည်။

ယနေ့တွေ့ဆုံပွဲမှာမူ နေပြည်တော် တွေ့ဆုံပွဲအပြီး ၂၆ ရက်အကြာတွင် ဆက်လက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးပါတီ(၆၇)ပါတီ တက်ရောက်ခဲ့ကြ၍ ပို၍ ပို၍ ကျယ်ပြန့်နက်ရှိုင်းသော ဝိသေသဖြစ်ခဲ့ပေသည်။

ရန်ကုန်သတင်းအဖွဲ့

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



ကြေးမုံ စာတည်းရှုထောင့် ၂၇-၁၁-၂၀၁၄၊ ကြာသပတေးနေ့

# မြို့ပြကို မျက်နှာသစ်ပေးခြင်း

ယခုတစ်လော ရန်ကုန်မြို့တော်နှင့်ပတ်သက်၍ မင်္ဂလာသတင်းစကားများ ဆက်တိုက်ကြားနေရသည်။ စီးပွားရေးမြို့တော် ရန်ကုန်၏ ပင်မလိုအပ်ချက်မှာ လျှပ်စစ်မီးမပြတ်မလပ် အပြည့်အဝရရှိရေးဖြစ်သည်။ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်ဖို့ မြို့ပြနေပြည်သူများအတွက်လည်း မြို့ပြ၏အင်္ဂါရပ်နှင့်အညီ လူနေမှုအဆင့်မီနေနိုင်ရန် လျှပ်စစ်မီး ၂၄ နာရီ အပြည့်အဝရရှိရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် နွေရာသီဆိုလျှင် ယခင်က လျှပ်စစ်မီးပုံမှန်ပျက်တတ်သည်။ တစ်ရံတစ်ခါ အခြေအနေအရ မြို့နယ်အလိုက်ဝေငှသုံးစွဲရသည်များလည်း ရှိခဲ့ဖူးသည်။

ယခုနှစ်နွေရာသီတွင်ကား လျှပ်စစ်မီးမပြတ်စေရ၊ ရာနှုန်းပြည့်ရရှိရမည်ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ထံမှ သိရသည်။ အမှောင်ကိုခွင်း အလင်းကိုဆောင်ပေးမည့်အရေးမို့ မြို့ပြနေပြည်သူများ ဝမ်းသာအားရ ကြိုဆိုကြရမည်သာ။

မကြာသေးမီက ဖောက်လွဲဖောက်ပြန်ရာသီဥတုကြောင့် ရန်ကုန်မြို့တွင် အခါမဲ့မိုးရွာသွန်းခဲ့သည်။ တစ်နေ့လုံးပူအိုက်နေသမျှ ညနေဘက်ဆို မိုးစိုစိုနှင့် ရှိနေသည်။ မိုးရွာပြီဆိုသည်နှင့် ရန်ကုန်လမ်းများ အထူးသဖြင့် ကမ်းနား လမ်းတစ်လျှောက် သိမ်ဖြူလမ်း၊ မဟာဗန္ဓုလလမ်းဝန်းကျင်မှာ ရေဖောင်ဖောင်နှင့်။ မြောင်းများမှ လျှံထွက်လာသောရေဆိုးများနှင့်အတူ ပလတ်စတစ်မျိုးစုံကလည်း လမ်းပေါ်ရောက်လာသည်။ မိုးစဲသွားသော်လည်း ရေကကျမသွား။ ရေမြောင်းများပိတ်ဆို့၍ ရေစီးရေလာထိခိုက်ခြင်းဖြစ်သည်။

မိုးတွင်းကာလမှာ တောက်လျှောက်မနားမနေပြုလုပ်ခဲ့သော အဟောင်းပြုပြင်၊ အသစ်ဖောက်လုပ်လာခဲ့သမျှ မိုးကုန်သည်နှင့် ရေမြောင်းများအလုပ်မလုပ်ချင်ဖြစ်လာသည်။ မြို့ပြနေသူတချို့၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုနှင့် ရေစီးရေလာမကောင်းသော ရေမြောင်းကြီးငယ်များ ပေါင်းဖက်တွေ့လိုက်သည်နှင့် ရန်ကုန်၏လမ်းကြီးလမ်းငယ်အသွယ်သွယ်တွင် မိုးရေတက်ရေတဖွေးဖွေးနှင့် ဖြစ်သွားရခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင်းနေရာအနှံ့ မိုးရွာခဲ့ပြီဆိုသည်နှင့် ရေပြည့်ရေလျှံဖြစ်မှုကို ဆန်းစစ်လေ့လာလျှင် ယေဘုယျအားဖြင့် အချက်သုံးချက်တွေ့ရသည်။ ပထမတစ်ချက်မှာ ပင်လယ်ရေမြင့်တက်လာနေမှုနှင့် သက်ဆိုင်နေသည်။ တချို့ကျွန်းနိုင်ငံများ ပင်လယ်ရေမြင့်တက်လာနေမှုဒဏ်ကို ခံလာနေရပြီဖြစ်ရာ ဤတစ်ချက်သည်လည်း ရန်ကုန်ရေလျှံမှုနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိနေနိုင်သည်။ နောက်တစ်ချက်မှာ မြေအောက်ရေအလွန်အကျွံသုံးစွဲရာမှ မြေကျွံ၊ မြေနိမ့်ဆင်းမှုဟုထင်ရသည့်အချက်ကိုလည်း မိမိတို့သတိပြုမိလာခဲ့ကြပါပြီ။ အခြေအနေတစ်ခုမှာ ရန်ကုန်နယ်နိမိတ်အတွင်း မြေအောက်ရေရယူမှုကို လုံးဝခွင့်မပြုတော့ဘဲ အဝီစိတွင်းများကို ပိတ်သိမ်းတော့မည်ဟု သိရသည်။

တတိယအချက်မှာ ရန်ကုန်မြို့ မြို့တည်စမူလရေထွက်ပေါက်များ၊ လက်တံရှည်မြောင်းများ၊ မြေပေါ်မြောင်းများ၊ နှစ်ပရိစ္ဆေဒကြာညောင်းလာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာမှုဖြစ်သည်။ ပထမအချက်နှင့် ဒုတိယအချက်ကို မြို့တော်စည်ပင်မှ တားဆီးကာကွယ်မှုမတတ်နိုင်လည်း တတိယအချက် ရေစီးရေလာကောင်းရေး၊ မြောင်းကြီးမြောင်းငယ်အသွယ်သွယ်ကို မြို့တည် Plan အတိုင်းစနစ်တကျရှိစေရေး ယခုနှစ်နွေရာသီတွင် အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။ နောက်နှစ်မိုးရာသီတွင် ရန်ကုန်လမ်းများ ရေမလွှမ်း ရေမတင်စေရေး တာဝန်ယူဆောင်ရွက်သွားမည်ဟုသိရသည်။

ဤသည်မှာ မဟာရန်ကုန်နေ ပြည်သူခုနစ်သန်းကျော်အတွက် နှစ်ထောင်းအားရစရာ သုတိမင်္ဂလာ ကတိစကားများပင်။ လုပ်လျှင်ဖြစ်ပါသည်။ နည်းလမ်းနှင့် နည်းစနစ်မှန်ဖို့သာလိုပါသည်။ ရန်ကုန်ရေကြီးရေလျှံမှုတွင် ပညာရှိသတိဖြစ်ခဲပြောရလျှင် သတိပြုသင့်သည့်၊ လေ့လာမှုပြုသင့်သည့်နေရာရှိပါသည်။ မြို့ပြအနှံ့မှာရှိခဲ့ဖူးသည့် ရေစုကန်များ ဖြစ်ပါသည်။ လှိုင်မြစ်ရေပြင်နှင့်တစ်တန်းတည်း အနိမ့်မှာရှိနေသည့် ဗားကရာချောက်တွင် မိုးတွင်းကာလတစ်လျှောက်လုံး ရေတင်ကျန်ရစ်သည်ဟူ၍မရှိ။ အားလုံးဒလဟောစီးဆင်းသွားစေသည်မှာ ဤချောက်၏ လျှို့ဝှက်ချက်ပင်ဖြစ်သည်။

ရေစုကန်များ အိမ်ရာဖြစ်သွားကတည်းက မဟာရန်ကုန် ရေပြည့်ရေလျှံဖြစ်လာသည်ဟု ရှေးမီနောက်မီများက ပြောကြသည်။ ဤသည်ပင် မြို့ပြကို မြို့ပြအင်္ဂါရပ်နှင့်အညီ အဆင့်မြင့်တင်လုပ်ဆောင်လာခြင်း၊ ၂၄ နာရီ မီးလင်းပြီး မြို့ပြလမ်းများရေပြည့်ရေလျှံမရှိတော့ပြီဆိုပါလျှင် မြို့ပြ ဂုဏ်ရှိန်မြင့်၊ ဖွံ့ဖြိုးမှုအရှိန်အဟုန်လည်းမြင့်ကာ အရှေ့တောင်အာရှ၏ လူနေမှုအဆင့်မြင့်သော မြို့တော်တစ်ခုဖြစ်လာတော့မည်ဖြစ်ပါကြောင်း။ ။

# (၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**

(၃၈)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတတိယနေ့ကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ဆီဒိုနားဟိုတယ် အမရပူရခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံအသီးသီးမှ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များအပြင် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံ ဆွေးနွေးဖက် နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် ဆွေးနွေးရာတွင် (၁၀)ကြိမ် မြောက် အာဆီယံ-တရုတ် ရေကြောင်းဆိုင်ရာ အကြံပြုလုပ်ငန်းစဉ်များကို မှတ်တမ်းတင်ခြင်း၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခြင်း၊ ၂၀၁၅ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းများကို ဆွေးနွေးခြင်း၊ ဆက်လက်ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးအတွက် ဆွေးနွေးမှုအစီအစဉ်တို့ကို ညှိနှိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်များအား မှတ်တမ်းတင်ခြင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၏ တိုးတက်အကောင်အထည်ဖော်မှုနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များကို ချမှတ်ဆွေးနွေးခြင်း၊ အာဆီယံ-ဂျပန် အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးဆိုင်ရာ မဟာဗျူဟာကိစ္စ၊ ဆိပ်ကမ်းလုပ်ငန်းများနှင့် ပတ်သက်ပြီး Port EDI စနစ်များ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စ၊ နိုင်ငံအချင်းချင်း ကုန်းလမ်းဆက်စပ်ဖောက်လုပ်မှုဆိုင်ရာ ဖြစ်နိုင်မှုအခြေအနေ ကနဦးလေ့လာမှု၊ (၆)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေး ကဏ္ဍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစီမံကိန်းကျွမ်းကျင်သူများ အဖွဲ့ အစည်းအဝေးအကျဉ်းချုပ်မှတ်တမ်းတင်ခြင်းနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား ဆွေးနွေးကြသည်။ ထို့အပြင် ဆက်လက်ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးအတွက် ဆွေးနွေးမှုအစီအစဉ် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အာဆီယံဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံနှင့် ဆွေးနွေးရာတွင် (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဖိုရမ်နှင့်ပတ်သက်ပြီး အကျဉ်းချုပ်မှတ်တမ်းတင်ခြင်း၊ အာဆီယံ-ကိုရီးယားပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံပြန်လည်သုံးသပ်ဆွေးနွေးခြင်းနှင့် (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးအတွက် ဆွေးနွေးမှုအစီအစဉ် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၁၀၀ - ၆၆၀၁၀၀ | |
| မန္တလေး | ရွှေဈေး | ၆၅၉၁၀၀ - ၆၆၀၁၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၃၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၈၅. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၇. ၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၄၁၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၈. ၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၆၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၃. ၉၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၆၂၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၃. ၉၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၉၂. ၈၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**





# နှစ်နိုင်ငံဆက်ဆံရေးတွင် ယုံကြည်မှု၊ ရင်းနှီးမှု ရိုးသားပွင့်လင်းမှုတို့ဖြင့် ခိုင်မာစွာလုပ်ဆောင်

**နေပြည်တော်  နိုဝင်ဘာ  ၂၆**

နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် စစ်သံဆက်ဆံရေးမှာ နှစ်(၄၀)ကျော် ကောင်းမွန်သောဆက်ဆံရေးရှိ၍ ခိုင်မာအောင် ဆက်လက်ထိန်းသိမ်းသွားရေး၊ အိမ်နီးချင်းကောင်းများဖြစ်၍ နယ်စပ်ရေးရာဖြစ်ပွားမှုများကို ကောင်းသော ရှုမြင်မှုဖြင့် ဖြေရှင်းဆောင်ရွက်သွားရေး၊ အချုပ်အခြာအာဏာတည်ရှိမှု၊ နိုင်ငံသားလုံခြုံမှုအတွက် နှစ်နိုင်ငံအကျိုးစီးပွားကို မထိခိုက်စေရန် ညှိနှိုင်း ဆောင်ရွက်၍ အပြန်အလှန်ယုံကြည်မှုဖြင့် ဆောင်ရွက်ရေး၊ တစ်ကမ္ဘာလုံး အတွက် စိန်ခေါ်မှုဖြစ်သော အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်၍ နှစ်နိုင်ငံထိထိရောက်ရောက် ပူးပေါင်းတားဆီးဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးတွင် ယုံကြည်မှု၊ ရင်းနှီးမှုနှင့် ရိုးသားပွင့်လင်းမှုတို့ဖြင့် ခိုင်မာစွာ လုပ်ဆောင်သွားရေးတို့နှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဖိတ်ကြား ချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ် Vice Admiral Muhammad Farid Habib အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှ‌ဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိများတက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ရေတပ် ဦးစီးချုပ်နှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာ နိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူး Brig.Gen. Mahdupul Haque တို့ တက်ရောက်ကြသည်။**(အပေါ်ယာပုံ)**



ဘင်္ဂလားဒေ့ရှ်ရေတပ်ဦးစီးချုပ်က မြန်မာနိုင်ငံတွင် သမိုင်းအစဉ်အလာ ကောင်းများရှိပါကြောင်း၊ နှစ်နိုင်ငံအနေဖြင့် ကူးသန်းရောင်းဝယ်ရေးနယ်ပယ်တွင် ရှည်ကြာသော အတိတ်ကာလမှ ကောင်းမွန်သောဆက်ဆံမှုများစွာရှိပါ ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လွတ်လပ်ရေးကို ပထမဆုံးအသိအမှတ်ပြုခဲ့သော နိုင်ငံဖြစ်၍ အမြဲကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံငယ်၍ လူဦးရေထူထပ်မှုကြောင့် စီးပွားရေးကို ပင်လယ်ပြင်အပေါ် အဓိကမှီခိုရပ်တည် နေရပါကြောင်း၊ ဒေသတွင်းတည်ငြိမ်ရေးကိုတန်ဖိုးထား၍ နှစ်နိုင်ငံဖွံ့ဖြိုး တိုးတက်မှုကိုအထောက်အကူပြုနိုင်ရန် နောင်မျိုးဆက်များ၏ ပိုမိုကောင်း မွန်သောဘဝရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည် ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်ရေအချင်းချင်း တွေ့ဆုံဆွေးနွေးမှုမှ စတင်၍ ပင်လယ်ပြင်ဆိုင်ရာ အကျိုးစီးပွားတို့တွင် ညှိနှိုင်းဆောင်ရွက်မှုကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ပင်လယ်ပြင်လုံခြုံရေးတွင် သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများအား နှစ်နိုင်ငံရေတပ်နှစ်ခုအကြား သတင်းဖလှယ်ရယူ၍ ထိန်းသိမ်းကာကွယ်နိုင်ရေးတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။ **(မြဝတီ)**

# ရွေးကောက်ပွဲဆိုင်ရာဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် International IDEA တို့ပူးပေါင်းဆောင်ရွက်မည့် ရွေး ကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနည်းစနစ် အကောင် အထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက် သည် တိုင်းဒေသကြီးနှင့်ပြည်နယ်ရွေး ကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများအနေ ဖြင့် ရွေးကောက်ပွဲ ဆိုင်ရာ ဘေး အန္တရာယ်များ စီမံခန့်ခွဲသည့်နည်းစနစ် (ERM Tool)ကို အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များဖြစ်သည့် ရွေးကောက်ပွဲနှင့် ဆက်နွှယ်၍ ဖြစ် ပေါ်လာနိုင်သော အကြမ်းဖက်လုပ်ရပ် များ၊ ပဋိပက္ခများနှင့် ဘေးအန္တရာယ် များစသည့် အချက်အလက်များကို စနစ်တကျကောက်ယူ ရရှိနိုင်စေရန် ဖြစ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာဘေးအန္တရာယ် များ စီမံခန့်ခွဲသည့် နည်းစနစ် (ERM Tool) ဆိုသည်မှာ ရွေးကောက်ပွဲ များကျင်းပရာတွင် တည်ငြိမ်အေးချမ်း ပြီး ယုံကြည်ရသည့် ရွေးကောက်ပွဲများ အဖြစ် ကျင်းပပေးနိုင်ရန်အတွက် အကြမ်းဖက်မှုအသွင်ကူးပြောင်းနိုင် သည့် ရွေးကောက်ပွဲဆိုင်ရာ ဘေး အန္တရာယ်များကို ကြိုတင်ကာကွယ် လျှော့ချနိုင်ရန် ခွဲခြမ်းစိတ်စစ် လေ့လာ ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤစနစ်သည် ရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် အလွန်အရေး ကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ် ကြောင်း၊ လွတ်လပ်မျှတသည့် ရွေး ကောက်ပွဲများဖြစ်ရန် တည်ငြိမ်အေး ချမ်းရေးက အဓိကကျပါကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ် အေးချမ်းမှုမရှိလျှင်၊ အနှောင့်အယှက် များရှိခဲ့လျှင်၊ လုံခြုံရေးအခြေအနေအရ လွတ်လပ်ပြီး တရားမျှတသော ရွေး ကောက်ပွဲကျင်းပနိုင်ခြင်း မရှိလျှင် ရွေး ကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းသော် လည်းကောင်း၊ ပယ်ဖျက်ခြင်းသော် လည်းကောင်း ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း၊ အနှောင့်အယှက်များနှင့် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ကျင်းပရ သည့် ရွေးကောက်ပွဲရလဒ်များကို လည်း ပြည်သူလူထုကသော်လည်း ကောင်း၊ နိုင်ငံတကာအနေနှင့်သော် လည်းကောင်း ယုံကြည်မှု၊ လက်ခံမှု အပိုင်းတွင် အားနည်းနိုင်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိ၍ အနှောင့် အယှက်များ၊ ပဋိပက္ခများဖြစ်ခဲ့လျှင် နိုင်ငံ၏ပုံရိပ်၊ ဂုဏ်သိက္ခာကိုလည်း ထိခိုက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ် အေးချမ်းစွာဆောင်ရွက်နိုင်ရန် ERM Tool ဆွေးနွေးပွဲက အထောက်အကူ ဖြစ်မည်ဖြစ်သည့်အတွက် အလွန်ပင် အရေးကြီးပါကြောင်း။

ထို့ကြောင့်လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် လွတ်လပ်သည့် တရားမျှတသည့် ရွေးကောက်ပွဲဖြစ် အောင် ဆောင်ရွက်နိုင်ရန် ရွေး ကောက်ပွဲကာလတွင် တည်ငြိမ်အေး ချမ်းရန်လိုပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်မှုကို ပျက်ပြားစေနိုင်သည့် အကြောင်းကိစ္စများ တည်ငြိမ်မှုပျက် ပြားအောင် ဆောင်ရွက်မည့် အခြေ အနေများ၊ တည်ငြိမ်မှုပျက်ပြားနိုင် သည့် နေရာများ၊ အချိန်ကာလများကို သတင်းရယူစဉ်းစား သုံးသပ်မြော်တွေး ပြီး အဖြေရှာကာ ကြိုတင်စီမံကာကွယ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ် ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ် များ စီမံခန့်ခွဲသည့် နည်းစနစ်ကိုအသုံး ပြုသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရည်ရွယ်ချက်အတိုင်း ERM Tool ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် လိုအပ်သည့် သတင်း အချက် အလက်များကို အားလုံးက လေးလေး နက်နက် စဉ်းစားဆောင်ရွက်ကြရန် လိုမည်ဖြစ်ပါကြောင်း၊ အချက်အလက် များ ပြည့်စုံလေလေ စီမံကာကွယ်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင် မည်ဖြစ်ပါကြောင်း၊ သို့မှသာ ရွေး ကောက်ပွဲစီမံခန့်ခွဲမှု၊ ရွေးကောက်ပွဲ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သည့်အထောက်အကူ များကို ပိုမိုရရှိအောင် ဆောင်ရွက်နိုင် မည်ဖြစ်ပါကြောင်း။

ERM Tool ကိုလက်တွေ့အကောင် အထည်ဖော်ရာတွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများအပြင် လုံခြုံရေးနှင့် သက်ဆိုင်ပတ်သက်သူအားလုံး အလွှာစုံ နှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ သတင်း အချက်အလက်များ ပြည့်စုံစွာရရှိနိုင် ပြီး ကောင်းမွန်သည့် စီမံကာကွယ်မှု များလုပ်နိုင်မည်ဖြစ်သလို အကောင်း ဆုံးရလဒ်များကိုလည်း ရရှိမည်ဖြစ်ပါ ကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲကို တက် ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေ ဖြင့် လွတ်လပ်မျှတသည့် ရွေးကောက် ပွဲ ကျင်းပနိုင်ရေးအတွက် များစွာ အထောက်အကူပြုမည့် ERM Tool ကို အကောင်းဆုံးနှင့် ထိထိရောက် ရောက်အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရေးအတွက် အလေးအနက် ထား ဆွေးနွေးကြစေလိုကြောင်း ပြော ကြားသည်။

ထို့နောက် International IDEA မှ Mr. Adhy Aman က မိတ်ဆက် အမှာစကားပြောကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ERM Tool ၏ သဘောတရားများ၊ Tool ကို အကောင်အထည်ဖော်ရာ တွင် ပါဝင်သောလုပ်ဆောင်ချက်များ၊ နိုင်ငံတကာအတွေ့အကြုံများဖြင့် နှိုင်းယှဉ်၍ မြန်မာနိုင်ငံ၌ အကောင် အထည်ဖော်ရာတွင် ဖြစ်နိုင်သည့် နည်းလမ်း၊ Tool ကို အကောင်အထည် ဖော်ရာတွင် အဖွဲ့အတွင်းညှိနှိုင်းမှုနှင့် ပြင်ပဆက်ဆံရေး အရေးကြီးပုံ၊ အားလုံးပါဝင်နိုင်သည့် လုပ်ငန်းစဉ် ဖြစ်မှု၊ Tool အသုံးပြုမှုနှင့် နီပေါနိုင်ငံ၊ ဘော့စနီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ ရွေးကောက်ပွဲများတွင် ထိရောက်စွာ အသုံးပြုနိုင်ခဲ့မှုနှင့် သတင်းအချက် အလက် အရင်းအမြစ်သင်ခန်းစာအား ဆွေးနွေးပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မြန်မာနိုင်ငံ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ကြုံတွေ့ ရနိုင်သည့် အခြားပြဿနာများကို ရှင်းလင်းဆွေးနွေးပြီး အလုပ်ရုံဆွေး နွေးပွဲသို့ တက်ရောက်လာသည့် တိုင်း ဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများက သိရှိလိုသည် များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက် ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ များ၊ ရွေးကောက်ပွဲအရာရှိများနှင့် International IDEA မှ တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



## ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ပထမ (၆) လပတ်လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ပထမ(၆)လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသည်။

ထို့နောက် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက **“၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စတင်သည့်ကာလမှစ၍ တပ်မတော်သားနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာနှင့်လျော်ညီသည့် သင့်တင့်မျှတသော လစာသစ်များဖြစ်ပေါ်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရတို့အား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သင့်သည့် စီမံကိန်းအသစ်များကိုသာ ဆောင်ရွက်ရေးနှင့် ဆောင်ရွက်ဆဲ စီမံကိန်းများကိုစိစစ်ပြီး ထိုစီမံကိန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် လိုအပ်မှု၊ အခက်အခဲများကို မှန်ကန်စွာ စိစစ်သုံးသပ်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ မည်သို့စီမံဆောင်ရွက်ထားသည်ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အရေးကြီးအဆိုတစ်ခုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက ထောက်ခံဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးဝင်းရှိန်တို့က အဆိုတင်သွင်းမှုအပေါ် ဝန်ကြီးဌာနများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရှင်းလင်းဆွေးနွေးရာတွင်-**

သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း တင်ပြသော အရေးကြီးအဆိုပါ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မေခရိုစီးပွားရေးဆိုင်ရာလုပ်ငန်းရပ်များကို နှစ်ရှည်၊ နှစ်တို၊ နှစ်စဉ်စီမံကိန်းများချမှတ်ပြီး စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်သည် နိုင်ငံတော်၏ ပထမ(၅)နှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ၏ နောက်ဆုံးနှစ်၊ နှစ်စဉ်စီမံကိန်းကို လျာထားဆောင်ရွက်ရသောနှစ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၅-၂၀၁၆ စီမံကိန်းသည် ပထမ (၅)နှစ်စီမံကိန်း၏ အနှစ်ချုပ်နှစ်ဖြစ်သကဲ့သို့ ဒုတိယ (၅)နှစ်စီမံကိန်း၏ အခြေခံနှစ်ဖြစ်သည့်အတွက် အရေးကြီးသော နှစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၅-၂၀၁၆ စီမံကိန်းလျာထားချက်များကို ယခုအခါ စုစည်းပြီး အဆိုပြုချက်များ စစ်ဆေးခြင်း၊ လျာထားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမ (၅)နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ စီမံကိန်းအသစ်များထက် ဆောင်ရွက်ဆဲစီမံကိန်းများ (Project)တွင် အချိန်အရပြီးရမည့်စီမံကိန်းများ ပြီးစီးရေးနှင့် နှစ်ချင်းပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးစေမည့်၊ ပြည်သူများ အမှန်တကယ်လက်တွေ့ခံစားနိုင်စေမည့် ဦးစားပေး (၇)ရပ်ပါ စီမံကိန်းများကို ဦးစားပေးစိစစ်ဆောင်ရွက်နေကြောင်း ပြောကြားလိုပါကြောင်း။

စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ မေခရိုစီးပွားရေး (တစ်နိုင်ငံလုံး၏ စီးပွားရေးအခြေအနေ) ကောင်းမွန်ရေးကို ဦးတည်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မေခရိုစီးပွားရေးကိန်းရှင်များဖြစ်သည့် ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်ရရှိမှု၊ ဈေးနှုန်းများတည်ငြိမ်ပြီး သဟဇာတဖြစ်မှုနှင့် နိုင်ငံတကာ စီးပွားရေးဆက်ဆံမှုမျှော်မှန်းချက်များကို ဖြည့်ဆည်းပြီး တည်တည်ငြိမ်ငြိမ် (Steady Growth)ရရှိရေးကို စနစ်တကျဆောင်ရွက်နေသောကာလဖြစ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်များအဖြစ် (၅)နှစ်တာ ပျမ်းမျှ GDP (၈%)တိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်ဖက်က ကုန်ထွက် (ထုတ်လုပ်မှု) တိုးအောင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို စနစ်တကျ ရေးဆွဲချမှတ်ပြီး ဆောင်ရွက်ပေးရပါကြောင်း၊ နိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ပျမ်းမျှအရင်းနှင့် ကုန်ထွက်အချိုး (၃း၁)ခန့်အဖြစ် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၁-၂၀၁၂ မှာ GDP လျာထား (၆. ၀%) မှ (၅. ၆%)၊ ၂၀၁၂-၂၀၁၃ မှာ လျာထား (၆. ၇%)မှ (၇. ၃%)၊ ၂၀၁၃-၂၀၁၄ မှာ (၈. ၉%)လျာထားခဲ့ရာ (၈. ၇%)ဖြစ်ပေါ်ခဲ့ပြီး သုံးနှစ်ပျမ်းမျှ (၇. ၂%)ခန့် တိုးတက်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ မှာ (၉. ၁%) လျာထားခဲ့ပြီး ၂၀၁၅-၂၀၁၆ အတွက် (၉. ၂%)ထိ တိုးတက်စေရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်ဖက်ကလည်း ယင်းလျာထားမှုများကို ပြည့်မီအောင် ဖော်ဆောင်နိုင်ရေးမှာ အဓိကထိန်းချုပ်ရခြင်းသည် ဈေးနှုန်းအဆင့် (Price Level) ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုနှင့် ငွေဖောင်းပွမှုဟာ (Growth with Inflation)ဆိုပြီး တိုးတက်မှုနှင့် ငွေဖောင်းပွမှုလိုက်လျောညီထွေရှိရမှာဖြစ်ပြီး ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ရမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ငွေဖောင်းပွမှုထိန်းချုပ်ခြင်းကို ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ၂၀၁၁၊ ၂၀၁၂ ခုနှစ်များတွင် ငွေဖောင်းပွမှုနှုန်း ပျမ်းမျှ (၂. ၅ %)သာရှိသော်လည်း ၂၀၁၃ ခုနှစ်ကုန် ၂၀၁၄ ခုနှစ်မှာ (၅. ၇%)မှ (၆. ၀%)အထိ နှစ်ဆခန့်တိုးတက်လာတာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။


တွေ့ရသည့်အတွက် အလွန်မှသတိထားထိန်းချုပ်ကိုင်တွယ်နေရသည့်အချိန်ဖြစ်ပါကြောင်း၊ ထို့အပြင် ငွေဖောင်းပွမှု၏ ဇာစ်မြစ်များဖြစ်သော ဝယ်လိုအားက ဆွဲတင်ခြင်း (Demand Pull)နှင့် စရိတ်တွန်းအား (Cost Push)တို့အပြင် လုပ်ခတိုး-ဈေးနှုန်းတက်၊ လုပ်ခထပ်တောင်းတိုး-ဈေးနှုန်းထပ်တက် (လုပ်ခ-ဈေးနှုန်းကြောင်လိမ်လှေကား) (Wage-Price-Spiral)ဆိုသည့် သံသရာထဲ မကျရောက်စေရေးကို နိုင်ငံတိုင်း အထူးဂရုပြုထိန်းသိမ်းပြီး စီမံကိန်းများ ရေးဆွဲရပါကြောင်း။

တစ်ဖက်က နိုင်ငံတော်အနေဖြင့် “ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု စီမံကိန်း” နှင့်အညီ ပြည်သူများ လက်တွေ့ရရှိခံစားနိုင်မည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ တိုးတက်ရရှိလာသည့် တိုးတက်မှုအသီးအပွင့်များ တိုင်းပြည်ဝင်ငွေကို စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအသုံးစရိတ်၊ ပို့ကုန်-သွင်းကုန်(ကုန်သွယ်မှုမျှခြေ) စသည်ဖြင့် ပြန်လည်ခွဲဝေခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းအနေဖြင့် ယင်းညီမျှခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း၊

**တိုင်းပြည်ဝင်ငွေ=စားသုံးမှု+ရင်းနှီးမြှုပ်နှံမှု+အစိုးရအသုံးစရိတ်+(ပို့ကုန်-သွင်းကုန်)**

$$NY = C + I + G + (X-M)$$

အဆိုတွင် ဖော်ပြထားသော နိုင်ငံ့ဝန်ထမ်းအတွက် လုပ်ခနှင့် လစာစရိတ်များကိစ္စသည် ထိုညီမျှခြင်း၏ အစိုးရအသုံးစရိတ် အခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပါကြောင်း၊ ယင်းကိုပိုမိုရှင်းလင်းစွာ ဖော်ပြရရင်-



ထိုအစိုးရအသုံးစရိတ် ညီမျှခြင်းသည် လုပ်ခ၊ လစာ၊ ထောက်ပံ့ကြေးစသော သာမန်အသုံးစရိတ်များကိစ္စကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် အခွန်အကောက်ဥပဒေတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်သည့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ခေါင်းစဉ်အောက်မှာ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုကို ပိုင်းခြားကြည့်ပါက နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဟူ၍ တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍရင်းနှီးမြှုပ်နှံမှုမှာ စီးပွားရေးအကျိုးအမြတ်ရရှိသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုမှာ စီးပွားရေးအကျိုးအမြတ်ထက် တိုင်းသူပြည်သားများ၏ လူမှုဘဝသာယာဝပြောရေးအတွက် အမြတ်အစွန်းမပါသော ပြည်သူများ အမှန်တကယ်လိုအပ်သည့် လုပ်ငန်းစီမံကိန်းများ၊ ပြည်သူ့ကုန်စည်များ (Public Goods) ကိုသာ အဓိကထားရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါကြောင်း၊ ဥပမာ ကျန်းမာရေးကဏ္ဍတွင် (ကျေးလက်ဒေသကျန်းမာရေးဌာနများ၊ ဆေးခန်း၊ ဆေးရုံများ ဆောက်လုပ်ပေးခြင်း)၊ ပညာရေးကဏ္ဍတွင် (မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ တက္ကသိုလ်များ၊ သက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း)၊ မြို့ပြနှင့်ကျေးလက်များအတွက် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ အချိန်အခါမရွေးသောက်သုံးရေရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်း၊ ပြည်သူလုံခြုံရေးအတွက် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ လူမှုဖူလုံရေး၊ အားကစား၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် (Welfare Goods) များအတွက် ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတား၊ ကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ပေးခြင်း၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့လွယ်ကူစေရန် စီမံဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့ကျရေးလုပ်ငန်းရပ်များကို ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

ဆက်လက်ပြီး နိုင်ငံ၏ လုပ်သားအင်အား၊ လုပ်သားဦးရေ၊ အစိုးရ၊ ပုဂ္ဂလိကပါဝင်မှုတို့ကို ဖော်ပြလိုပါကြောင်း၊ မေခရိုစီးပွားရေး မျှော်မှန်းချက် (၂)ဖြစ်သည့် အလုပ်အကိုင်ရရှိမှု(Employment) မှာ အစိုးရဌာန လုပ်သားများနှင့် သမ/ပုဂ္ဂလိကကဏ္ဍ လုပ်သားများ စုပေါင်းမှသာ စုစုပေါင်း အလုပ်အကိုင်ကို ဖော်ညွှန်းပါကြောင်း၊ စုစုပေါင်း အလုပ်လုပ်နိုင်သူ ၃၀ ဒသမ ၅ သန်းရှိပြီး လုပ်သားဦးရေမှာ ၂၂ ဒသမ ၅၇ သန်းရှိကာ အစိုးရလစာ၊ စရိတ်ရရှိသူဦးရေပေါင်း ၁ ဒသမ ၄ သန်းဖြစ်၍ ကျန် ၂၁ ဒသမ ၁၇ သန်းမှာ ပုဂ္ဂလိကကဏ္ဍနှင့် သမတို့တွင်ရှိသည့် လုပ်သားဦးရေဖြစ်ပါကြောင်း၊ အချိုးအစားအရ နိုင်ငံပိုင်ကဏ္ဍတွင်ရှိသည့် လုပ်သားဦးရေမှာ ၆ ရာခိုင်နှုန်းဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍတွင်ရှိသည့် လုပ်သားဦးရေမှာ ၉၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပြောင်းလဲမှုသည် အစိုးရကဏ္ဍကိုသာမက ဆက်စပ်ရာ ကဏ္ဍများအပေါ်မှာ ဆက်စပ်အကျိုးသက်ရောက်မည်ဖြစ်သည့်အတွက် ပုဂ္ဂလိကလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု (Linkages Effects) များ ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် သာမန်အသုံးစရိတ် ၆၈ ရာခိုင်နှုန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ၃၂ ရာခိုင်နှုန်းဝန်းကျင်တွင် ခွဲဝေချထားသုံးစွဲလျက်ရှိပါကြောင်း၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်အချိုးမှာ နိုင်ငံတော်၏ စီးပွားရေးဘဝနှင့် လိုက်လျောညီထွေရှိကြောင်း၊ အခွင့်အလမ်းစရိတ် (Opportunity Cost) အရ တစ်ခုပေးမှ တစ်ခုရမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် အရင်းနှင့် ကုန်ထွက်အချိုး (Capital Output Ratio) အပေါ်မှာ မူတည်နေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုနည်းလျှင် ကုန်ထွက်ကျဆင်း၍ တိုင်းပြည်ဝင်ငွေ (GDP) ကျဆင်းမှာ ဖြစ်ပါကြောင်း၊ တွက်ချက်မှုများအရ ရင်းနှီးမြှုပ်နှံမှု သုည ဒသမ ၅ ထရီလီယံ (သို့မဟုတ်) ၅၀၀ ဘီလီယံ လျော့လျှင် ထုတ်လုပ်မှု (ကုန်ထွက်) ၁၇၉ ဒသမ ၃ ဘီလီယံ လျော့နည်းမှာဖြစ်ပြီး GDP တိုးတက်မှုနှုန်းမှာလည်း မူလခန့်မှန်းခြေ ၉ ဒသမ ၂ ရာခိုင်နှုန်းမှ ၉ ဒသမ သုည ရာခိုင်နှုန်းသို့လည်းကောင်း၊ ၁ ထရီလီယံ (သို့မဟုတ်) ၁၀၀၀ ဘီလီယံလျော့နည်းပါးက ထုတ်လုပ်မှု (ကုန်ထွက်) ၃၅၈ ဒသမ ၆ ဘီလီယံ လျော့နည်းမှာဖြစ်ပြီး မူလခန့်မှန်းခြေ ၉ ဒသမ ၂ ရာခိုင်နှုန်းမှ ၈ ဒသမ ၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂ ထရီလီယံ (သို့မဟုတ်) ၂၀၀၀ ဘီလီယံလျော့နည်းပါက ထုတ်လုပ်မှု(ကုန်ထွက်) ၈၉၆ ဒသမ ၆ ဘီလီယံ လျော့နည်းမှာဖြစ်ပြီး မူလခန့်မှန်းခြေ ၉ ဒသမ ၂ ရာခိုင်နှုန်းမှ ၇ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း လျော့နည်းကျဆင်းနိုင်ပါကြောင်း၊ ထိုသို့ ရင်းနှီးမြှုပ်နှံမှုလျော့ကျမှုကြောင့် ကုန်ထွက်လျော့ကျလာပြီး ပြည်သူလိုအပ်ချက် (Public Goods) များကို ဆောင်ရွက်ရာတွင် လျော့နည်းကျဆင်းစေမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် သာမန်အသုံးစရိတ် တိုးမြှင့်လိုခြင်းကြောင့် ငွေလုံးငွေရင်း အသုံးစရိတ်(သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုကို လျှော့ချမည်ဆိုလျှင် GDP ကျဆင်းမှာဖြစ်ပြီး တိုင်းပြည်၏ အနာဂတ်စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းမှာဖြစ်၍ စီးပွားရေးကျဆင်းမှု (Recession) သို့ ဦးတည်သွားနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ရှင်းလင်းဆွေးနွေးရာတွင်**

နိုင်ငံတော်၏လိုအပ်ချက်အရ ဦးစားပေးကဏ္ဍအလိုက် အသုံးစရိတ်ခွဲဝေလျာထားပေးရာတွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေစာရင်းပါ အသုံးစရိတ် (သာမန်ငွေလုံးငွေရင်း၊ ကြွေးမြီ)များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူစိစစ်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ စိစစ်ရာတွင် လစာ၊ စရိတ်နှင့် ပတ်သက်၍ အမှန်တကယ်ခန့်ထားပြီးဦးရေ၊ ခန့်ထားမည့် လူဦးရေအပေါ် မူတည်၍ (၆)လအတွက်သာ တွက်ချက်လျာထားစေပြီး ပြင်ဆင်ထိန်းသိမ်းစရိတ်အား အမှန်တကယ်လိုအပ်သည့် ကိစ္စရပ်များအတွက် သုံးစွဲစေလျက် ဧည့်ခံစရိတ်နှင့် ကျွေးမွေးစရိတ်ကဲ့သို့သော ဝန်ဆောင်မှုစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရန် လမ်းညွှန်မှုပြုထားပါကြောင်း။

အမျိုးသားစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးစရိတ်များကို သုံးစွဲရန်၊ ခွဲဝေချထားပေးသော ဘဏ္ဍာရန်ပုံငွေများ သုံးစွဲရာတွင် ကျစ်ကျစ်လျစ်လျစ် ထိရောက်စွာသုံးစွဲရန်၊ လေလွင့်ဆုံးရှုံးမှုများကို လျော့နည်းစေရန်စသဖြင့် စနစ်တကျ လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေစာရင်းများရေးဆွဲရာတွင် စီမံကိန်းဥပဒေနှင့် ညီညွတ်စေရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲပေးပို့ရန် လွှတ်တော်ကတိကဝတ်များ၊ နိုင်ငံတော်မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအား ဦးစားပေးထည့်သွင်းရေးဆွဲရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနအဖွဲ့အစည်းများကို လမ်းညွှန်မှုပြုထားပြီးဖြစ်ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်များနှင့်ပတ်သက်၍ တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းမှုကော်မတီကလည်းကောင်း၊ စက်ပစ္စည်းများကို စက်ပစ္စည်းကြီးကြပ်မှုကော်မတီကလည်းကောင်း၊ ငွေလုံးငွေရင်းနှင့် အခြားအသုံးစရိတ်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော်　နိုဝင်ဘာ　၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည့် ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြကာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**❁ စာမျက်နှာ ၄ မှ**

လည်းကောင်း တာဝန်ယူစိစစ်လျက်ရှိပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ပတ်သက်၍ ဦးစားပေးအစီအစဉ်များ ခွဲခြားရေးဆွဲစေပြီးတင်ပြလာမှုအပေါ် စိစစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် လိုငွေနှင့် ဂျီဒီပီအချိုးကို ချိန်ဆရေးဆွဲနိုင်ရေး၊ မူလခန့်မှန်းခြေစာရင်းနှင့် အမှန်စာရင်းများ ကွာဟမှု လျော့နည်းစေရန်အလို့ငှာ သတ်မှတ်ချက်ဘောင်အတွင်း အသုံးစရိတ်များကို အနီးစပ်ဆုံးသုံးစွဲနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ကာလလတ်ဘဏ္ဍာရေးမူဘောင်စနစ်ကို ကျင့်သုံးနိုင်ရန် စီမံဆောင်ရွက်လျက် ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲထားသည့် ဝန်ကြီးဌာနအလိုက် ဘဏ္ဍာရေးမူဘောင်အရ သတ်မှတ်ပေးသည့် အရအသုံးဘောင်အတွင်း အရအသုံးခန့်မှန်းခြေစာရင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တင်ပြလာမှုများအပေါ် အထက်အောက်ပေါင်းစပ်ညှိနှိုင်းပြီး အသုံးစရိတ်များ စိစစ်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနများသည် ဆောင်ရွက်ဆဲစီမံကိန်းများအပေါ် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိရောက်စွာအကျိုးပြုနိုင်မည့် စီမံကိန်းများဖြစ်စေရေးအတွက် ပြန်လည်သုံးသပ်ဆောင်ရွက်ပြီး စီမံကိန်းအကောင်အထည်ဖော်ရာတွင်လည်း အခက်အခဲများ၊ လိုအပ်ချက်များရှိပါက ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အဆိုရှင် ဦးဝင်းသန်း၏ အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် ကော့မှူးမြို့နယ်မှ ဒေါ်အောင်ဆန်းစုကြည်က **“ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၆၆ တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ထုတ်ပြန်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အရေးကြီးအဆိုကို တင်သွင်းသည်။

ထို့နောက် ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက ဒေါ်အောင်ဆန်းစုကြည်တင်သွင်းသည့်အဆိုကို ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က ဒေါ်အောင်ဆန်းစုကြည်တင်သွင်းသည့် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အဆိုရှင် ဒေါ်အောင်ဆန်းစုကြည်၏ အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**



**❍ ချန်ပီယံလိဂ်မှ**

ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ရာအူးလ်၏ စံချိန်ကိုမီခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် တိုက်စစ်မှူး မက်ဆီသည် ချန်ပီယံလိဂ်သွင်းဂိုး ၇၄ ဂိုးဖြင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ရာအူးလ်၏ စံချိန်ကို ချိုးနိုင်ခဲ့ပြီဖြစ်သည်။

လက်ရှိ ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် စံချိန်တင်ဂိုးသွင်းယူထားနိုင်ခဲ့သည့်ကစားသမားများမှာ တိုက်စစ်မှူး မက်ဆီသည် ချန်ပီယံလိဂ် သွင်းဂိုး ၇၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်းကောင်း၊ တိုက်စစ်မှူး ရာအူးလ်သည် ချန်ပီယံလိဂ်သွင်းဂိုး ၇၁ ဂိုးဖြင့် ဒုတိယဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်းကောင်း၊ တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ချန်ပီယံလိဂ်သွင်းဂိုး ၇၀ ဖြင့် တတိယဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်းကောင်း၊ တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ချန်ပီယံလိဂ်သွင်းဂိုး ၅၆ ဂိုးဖြင့် စတုတ္ထဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်းကောင်း၊ တိုက်စစ်မှူးသီယာရီဟင်နရီသည် ချန်ပီယံလိဂ်သွင်းဂိုး ၅၀ ဖြင့် ပဉ္စမဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

**❒ ကမ္ဘာလှည့်မှ**

“Ms. Super Star Libra အပျော်စီးသင်္ဘောက မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်။ ယခုနှစ် ခရီးသွားရာသီတွင် အပျော်စီးသင်္ဘော ခုနစ်စင်းလာရောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဇင်ဘာလမှာ လေးစင်း ထပ်မံလာရောက်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်”ဟု Myanmar Voyages ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာက ပြောကြားခဲ့သည်။

အဆိုပါ ကမ္ဘာလှည့်သင်္ဘောကြီးသည် နိုဝင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲတွင် မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း၊ ယခု အပျော်စီးသင်္ဘောပေါ်တွင် ခရီးသည် ၁၃၀၀ ခန့် လိုက်ပါလာခြင်းသည် ရန်ကုန်ဆိပ်ကမ်းသမိုင်းတွင် ခရီးသည်အများဆုံးတင်ဆောင်လာသည့်သင်္ဘောဖြစ်ကြောင်း သိရသည်။

**(ခင်ချိုဝင်း)**

**သစ်တော သစ်ပင် ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး အလှတိုး**



# ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရန် အားလုံးဝိုင်းဝန်းကူညီကြပါစို့

**မောင်သန့်လွင်**

ရန်ကုန်မြို့သည် ယခင်ထက် မော်တော်ယာဉ်များပြားလာသည်မှာ မှန်သော်လည်း အိမ်နီးချင်းနိုင်ငံအပါအဝင် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ယာဉ်ကြောပိတ်ဆို့လောက်အောင် မများသေးပါ။ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ရခြင်းမှာ လမ်းနှင့်ဆက်နွယ်နေသည့် ကဏ္ဍစုံ၏ အားနည်းချို့ယွင်းချက်များကြောင့် ဖြစ်ရသည်ဟူ၍ သုံးသပ်မိပါသည်။

ကျွန်တော်သည် ယာဉ်မောင်းလိုင်စင်သက်တမ်း နှစ်(၅၀)ခန့်ရှိပြီး မိမိပိုင်ယာဉ်ကိုမောင်းသည့် ယာဉ်မောင်းတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ယာဉ်မောင်းသူတို့၏ ချို့ယွင်းချက်ကဏ္ဍကို ဦးစွာတင်ပြလိုပါသည်။ ယနေ့ခေတ်ကာလတွင် ယာဉ်မောင်းသူအများစု၏ ယာဉ်မောင်းပုံမှာ စစ်ခင်းနေသည့်အလား(သို့) ပြိုင်ပွဲဝင်နေသည့်အလား၊ ယာဉ်စည်းကမ်းမလိုက်နာဘဲ လမ်းလုမောင်းနှင်ခြင်းမှာ အဓိကကျသည့် ချို့ယွင်းချက်ဟု မှတ်ချက်ချချင်ပါသည်။ ဦးစားပေးစနစ်၊ ယာဉ်ကြောမှန်ကန်စွာ မောင်းရသည့်စနစ်စသည့် ယာဉ်စည်းကမ်းကို လုံးဝဥပေက္ခာပြုကာ အတ္တလွန်ကဲပြီး မိမိမောင်းသည့်ယာဉ်၏ခေါင်းပိုင်းဖြင့် ဇွတ်အတင်းတိုးဝင်လမ်းလုခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို ပိုမိုဆိုးရွားစေပါသည်။ တချို့မှာလည်း ပြိုင်ပွဲဝင်သည့်အလား၊ သူ့ထက်ငါအပြိုင် ရှေ့ရောက်အောင် စည်းကမ်းမဲ့မောင်းနှင်သည်ကို နေ့စဉ်နှင့်အမျှ တွေ့ရှိရပါသည်။ ကျွန်တော့်အမြင်တင်ပြရလျှင် အကယ်၍များ ယာဉ်မောင်းသူတို့သည် မိသားစုစိတ်ဓာတ်မွေးကာ ကျန်သောယာဉ်မောင်းများကို မိမိ၏ဘိုးဘွား၊ မိဘ၊ ညီအစ်ကိုမောင်နှမ၊ တူ၊ တူမများဟူ၍ နှလုံးသွင်းကာ မေတ္တာတရား၊ ကိုယ်ချင်းစာတရားဖြင့် မောင်းနှင်ကြမည်ဆိုလျှင် ယာဉ်ကြောပိတ်ဆို့မှုမှာ အလိုလိုနှင့် ထက်ဝက်ထက်မနည်း လျော့နည်းလာမည်ဟု ထင်မြင်ယူဆမိပါသည်။ စိတ်ပိုင်းဆိုင်ရာ ပြုပြင်မှုမှာ ရုပ်ပိုင်းဆိုင်ရာပြုပြင်မှုကဲ့သို့ ငွေကြေးအထူး ကုန်ကျရန်မလိုအပ်ပါ။ ထို့ကြောင့် ဝိုင်းဝန်းကြိုးစားကြည့်ရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

လမ်းကဏ္ဍတင်ပြရသော် ရန်ကုန်မြို့ရှိ အဓိကလမ်းများမှာ ပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း လမ်းအကျယ်မှာ အခြားနိုင်ငံများထက် မကျဉ်းပါ။ ကျယ်သောလမ်းများစွာ ရှိပါသည်။ လိုအပ်ချက်မှာ လမ်းကိုအပြည့်အဝ အသုံးပြု၍ မရခြင်းကြောင့်ဖြစ်ပါသည်။ အထူးသဖြင့် အချို့သော အစွန်းယာဉ်ကြောမှာ အသုံးပြု၍မရအောင် ပျက်စီးနေခြင်းနှင့် ဈေးဆိုင်တန်းများ နေရာယူပိတ်ဆို့ထားခြင်းတို့ဖြစ်ပါသည်။

အဓိကကျသည့်လမ်းများတွင် ယာဉ်မရပ်ရ၊ ကရိန်းဖြင့်ဖယ်ရှားသည့် ကိစ္စနှင့်ပတ်သက်ပြီး ဝေဖန်မှုအမျိုးမျိုးကိုလည်း ကြားသိရပါသည်။ ၎င်းသတ်မှတ်ထားသောလမ်းများတွင် သိသာထင်ရှားသော အသိပေးသင်္ကေတများ ဆောင်ရွက်ထားသင့်ပါသည်။ ၎င်းလမ်းအရေအတွက်မှာ ၉၀ ကျော်သဖြင့် မှတ်မိရန် မလွယ်ကူလှပါ။

လမ်းဆုံ၊ လမ်းခွနှင့် မီးပွိုင့်ရှိသည့် နေရာနှင့် ဆက်နွယ်ပြီး ဆက်လက်တင်ပြလိုပါသည်။ လမ်းဆုံလမ်းခွသည် ရေမြောင်းဆုံရာနှင့်တူပါသည်။ ရေမြောင်းတွင် ပိတ်ဆို့ခြင်းမရှိမှ ရေစီးကောင်းမည်ဖြစ်ပါသည်။ ယခုဖြစ်နေသည်မှာ လမ်းဆုံလမ်းခွတွင် နှစ်ဖက်လုံးမှ ယာဉ်များသည်သူထက်ငါအလျင်သွားလိုဇောဖြင့်ယာဉ်စည်းကမ်းကို မလိုက်နာဘဲ မိမိဖြတ်ကူးမည့် လမ်းဆုံလွတ်မလွတ် လုံးဝမစဉ်းစားဘဲ ပုလင်းဘူးပိတ်ဆို့သည့်အထိ အတင်းထိုးဝင်မောင်းနှင်ကြပါသည်။ ထိုအခါ နှစ်ဖက်လုံး လမ်းကြောမှာ လုံးဝရွေ့မရအောင် ပိတ်ဆို့သွားပါတော့သည်။ အမှန်မှာ လမ်းဆုံလမ်းခွ၌ မီးပွိုင့်စိမ်းသည်ဖြစ်စေ၊ မီးပွိုင့်မရှိသည်ဖြစ်စေ မိမိဖြတ်ကူးလိုသော တစ်ဖက်လမ်းကြောသို့ လွတ်အောင်မဖြတ်ကူးလျှင် ရပ်ထားရမည်သာ ဖြစ်ပါသည်။ မီးပွိုင့်ဇုန်တွင် မည်သည့်ယာဉ်မျှ ရပ်ထားခွင့်မရှိပါ။ ထပ်မံတင်ပြလိုသည်မှာ မီးပွိုင့် ထိန်းသိမ်းရာတွင် မီးစိမ်းထားသောယာဉ်ကြောဘက်မှ ဆက်လက်သွားရန် အခြေအနေမပေးပါက အခြားသွား၍ရသည့် ယာဉ်ကြောကို မီးစိမ်းပြောင်းရန်လိုပါသည်။ သို့မှသာ ယာဉ်ကြောရှည်ပြီး ရပ်စောင့်ရသည့်အချိန် နည်းသွားပါလိမ့်မည်။ ဥပမာပြရသော်ရွှေတိဂုံစေတီတောင်ဘက်မုခ် ဦးထောင်ဗိုလ်လမ်းမီးပွိုင့်ရှိ ယာဉ်ထိန်းရဲမှာဂရုစိုက်ပြီး မီးပွိုင့်ကို လိုသလိုထိန်းပြောင်းပေးသဖြင့် ကားများပြီး ယာဉ်တန်းရှည်သော်လည်း လမ်းကြောပိတ်ဆို့ခြင်းမရှိဘဲ စိတ်ချမ်းသာစွာ မောင်းနှင်နိုင်ခဲ့ပါသည်။ မီးပွိုင့်စောင့်ရဲသက်သက် မဖြစ်စေလိုပါ။

ယာဉ်များပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်လေ့ရှိသော လမ်းဆုံလမ်းခွအနီးရှိ ယာဉ်တန်းပတ်ဝန်းကျင်တွင် ယာဉ်ထိန်းရဲကို တခြားနေရာတွင်ဦးစားပေးသကဲ့သို့ ဦးစားပေးတာဝန်ချထားပေးစေလိုပါသည်။ သို့မှသာ ယာဉ်ကြောပြောင်းပြန်မောင်းခြင်း စသည့်စည်းကမ်းမဲ့ယာဉ်မောင်းများအား အဟန့်အတားဖြစ်စေနိုင်ပါသည်။ လိုအပ်လျှင်လည်း ဖမ်းဆီးနိုင်မည်ဖြစ်ပါသည်။ လမ်းလု၍သာ လမ်းဆုံ၌ယာဉ်ကြောပိတ်နေပါသည်။ ပိတ်နေသည့်ယာဉ်ကြော၏ အခြားတစ်ဖက်ယာဉ်ကြောကိုကြည့်လျှင် ယာဉ်နည်းပါးပြီး လမ်းကြောရှင်းနေသည်ကို တွေ့ရပါလိမ့်မည်။ ဆိုလိုသည်မှာ ယာဉ်နှင့်လမ်းမမျှအောင် ယာဉ်များနေသည်မဟုတ်ပါ။ စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ယာဉ်ကြောပိတ်ဆို့ရကြောင်း ထင်ရှားပါသည်။

ရန်ကုန်မြို့တွင်း ယာဉ်ရပ်မှုအခြေအနေ ဆက်လက်တင်ပြပါမည်။ ရန်ကုန်မြို့တွင်းသို့ ကိစ္စရှိ၍သွားလျှင် ကားရပ်ရန်မှာပြဿနာမသေးလှပါ။ လမ်းမကြီးတွင် မရပ်ရ၊ လမ်းသွယ်ဝင်ပြန်လျှင်လည်း နေရာလွတ်ရှိတတ်သော်လည်း ပုံစံမျိုးစုံဖြင့် ရပ်မရအောင်ဟန့်တားထားပါသည်။ မိမိကားဖြင့် အဆင်ပြေလိုလျှင် မောင်းသူသီးခြားတစ်ဦးပါမှ လှည့်ပတ်မောင်းပြီး ပြန်ကြိုသည့်စနစ်ကျင့်သုံးရပါသည်။ ကိုယ်ပိုင်ကားရှိလျက်နှင့် ငွေအကုန်အကျခံ တက္ကစီငှားရသည့်အဖြစ်လည်း ကြုံရပါသည်။

တက္ကစီမောင်းသူများမှာလည်း ဝမ်းစာမို့ခရီးသည်ရမည်ဆိုလျှင် တစ်ခါတစ်ရံယာဉ်ကြောပိတ်ဆို့သည်အထိ စောင့်တတ်ကြပါသည်။ ၎င်းတို့အနေဖြင့်လည်း တက္ကစီရပ်စခန်းမရှိ၍ အခက်အခဲကြုံနေရပါသည်။

အလျဉ်းသင့်၍ ရန်ကုန်-မန္တလေးအဝေးပြေးလမ်း အန္တရာယ်ကင်းရှင်းရေးအကြံပြုလိုပါသည်။ မိမိထင်မြင်ချက်အရဆိုလျှင် မိမိတို့ယာဉ်မောင်း၌ တာဝန်အရှိဆုံးလို့ယူဆမိပါသည်။ အရက်သောက်သူသည် သူ့အတိုင်းအတာသူရှိသလို ယာဉ်မောင်းသူများမှာလည်း မိမိကောင်းစွာထိန်းသိမ်းမောင်းနိုင်သည့် မြန်နှုန်းကိုယ်စီရှိကြပါသည်။ သိကြပါသည်။ အဝေးပြေးလမ်းတွင် မောင်းနှင်ပါက မြန်နှုန်းဘောင်အတွင်း မိမိနိုင်နင်းသည့်မြန်နှုန်းဖြင့် သတ်မှတ်ထားသော ယာဉ်ကြောအတိုင်းသာမောင်းမည်ဆိုလျှင် အန္တရာယ်ကြီးစွာ မဖြစ်နိုင်ပါ။ ယာဉ်မောင်းလိုင်စင်ရှိတိုင်းလည်း စိတ်မနိုင်လျှင် အဝေးပြေးလမ်းမတွင် လုံးဝမမောင်းသင့်ပါ။ မိမိမောင်းနေကျယာဉ် မဟုတ်လျှင်လည်း တတ်နိုင်သရွေ့မမောင်းသင့်ပါ။ လိုအပ်လျှင်အနည်းဆုံး ယာဉ်မောင်းလိုင်စင်နှစ်သတ်မှတ်ရန် စဉ်းစားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> ရွှေတိဂုံစေတီတောင်ဘက်မုခ် ဦးထောင်ဗိုလ်လမ်းမီးပွိုင့်ရှိ ယာဉ်ထိန်းရဲမှာ ဂရုစိုက်ပြီး မီးပွိုင့်ကို လိုသလိုထိန်းပြောင်းပေးသဖြင့် ကားများပြီး ယာဉ်တန်းရှည်သော်လည်း လမ်းကြောပိတ်ဆို့ခြင်းမရှိဘဲ စိတ်ချမ်းသာစွာ မောင်းနှင်နိုင်ခဲ့ပါသည်။ မီးပွိုင့်စောင့်ရဲသက်သက် မဖြစ်စေလိုပါ။

# နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး ဆောက်လုပ်ရန် အလှူငွေများပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်စည်ပင်သာယာရေးကော်မတီက နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းငွေးက နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့်နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် အလှူငွေများလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူငွေများကို နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းထံသို့ လည်းကောင်း၊ ကော်မတီဝင် ဦးသိန်းဆင့်က နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့အဖွဲ့ဝင်ဒေါ်သက်သက်နွယ်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နာယကဒေါ်ကျင်ခိုင်၊ ဒုတိယမြို့တော်ဝန်ဦးသန်းကျော်ထူးနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

(ရွှေကူတ္တို)

# ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် နိုဝင်ဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၃၇ လတာကာလအတွင်း ၃၈၂၂၆၄ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၅၁၄၃၈၀ ဒသမ ၈၀ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၅၀၁၂၄၉ ဒသမ ၁၁ ကျပ်သန်း စုစုပေါင်း ၁၀၁၅၆၂၉ ဒသမ ၉၁ ကျပ်သန်း ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီး ဖြစ်သည့် ယာဉ်များအနက်ယာဉ်အိုယာဉ်ဟောင်းအစားထိုး လဲလှယ်ရေးစီမံချက်အတွက် ၉၉၂၆၅ စီး၊ ကားအရောင်းပြခန်းများတွက် ၈၃၂၂၅ စီး၊ သင်္ဘောသားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၇၃၀ စီး၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာနပါမစ်ဖြင့်တင်သွင်းလာမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၃၇၉၂ စီးတို့ဖြစ်ကြောင်း သိရသည်။ (ဝင်းလှိုင်)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များသည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် အကျုံးဝင်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **"G.T.I ကျောင်းသစ်များ ထပ်မံဆောက်လုပ်မည့်အစား လက်ရှိနည်းပညာတက္ကသိုလ်များတွင် G.T.I သင်တန်းများအား ပူးတွဲသင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ပညာရေးဥပဒေထွက်ပေါ်လာပြီးနောက် ယင်းဥပဒေနှင့် ဆီလျော်သည့် အခြေခံပညာရေးဥပဒေ၊ နည်းပညာနှင့်သက်မွေးပညာရေးဥပဒေ၊ အဆင့်မြင့်ပညာရေးဥပဒေတို့ကို ဆက်လက်ရေးဆွဲလျက်ရှိပါကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များသည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် အကျုံးဝင်သွားမည်ဖြစ်ပြီး အစိုးရစက်မှုသိပ္ပံများသည် နည်းပညာနှင့် သက်မွေးပညာရေးဥပဒေအရ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နည်းပညာတက္ကသိုလ်များတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်ပြီး အင်ဂျင်နီယာဘွဲ့ (၆)နှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည့်အတွက် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးနှင့် သင်ထောက်ကူပစ္စည်းများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာတက္ကသိုလ်များတွင် တွဲဖက်သင်ကြားပါက တက္ကသိုလ်များ အဆင့်မြင့်မားလာစေရေးကို ထိခိုက်စေနိုင်ပါကြောင်း၊ သို့ဖြစ်၍ A.G.T.I ဖွင့်လှစ်ခဲ့သည့် နေရာများတွင် အဓိကထားဖွင့်လှစ်မည်ဖြစ်ပြီး အမှန်တကယ် လိုအပ်သော နေရာများတွင် အသစ်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **"ထားဝယ်အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေကို သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ရေနက်ဆိပ်ကမ်းစီမံကိန်းအား ၂၀၀၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့မှ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး



ဒုတိယဝန်ကြီး
ဒေါက်တာအောင်ကျော်မြတ်။



လောင်းလုံမဲဆန္ဒနယ်မှ
ဦးအောင်စိုး။

စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံ အီတာလျံ-ထိုင်းကုမ္ပဏီတို့မှ မူဘောင်သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယင်းစီမံကိန်းသည် ပမာဏကြီးမားပြီး ချေးငွေမရှိခြင်း၊ ငွေကြေးထည့်ဝင်ရင်းနှီးသူများ မရှိခြင်းတို့ကြောင့် သတ်မှတ်အချိန်ဇယားအတိုင်း အကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာခဲ့ပါကြောင်း။

ထို့ကြောင့် နှစ်နိုင်ငံအစိုးရများက ဦးစီးဆောင်ရွက်ပေးရန် မြန်မာ-ထိုင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၂ ခုနှစ် ဇူလိုင်လက နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်မှုအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသည့် မူဘောင်သဘောတူစာချုပ်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသည့် သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ- ထိုင်းကုမ္ပဏီလီမိတက်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ယခင်မူဘောင်သဘောတူစာချုပ်အား ရုပ်သိမ်းသည့် သဘောတူစာချုပ်တို့အား လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ စီမံကိန်းများအား ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် ရေရှည်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်း(၃)ခုဖြစ်သော မြန်မာနိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာစီမံကိန်းနှင့် မဲခေါင်-အိန္ဒိယတောင်ဘက် စီးပွားရေးစင်္ကြံဖွံ့ဖြိုးမှုတိုးမြှင့်စေရေးသုတေသန၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာလေ့လာသုံးသပ်ရေးသုတေသနနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးသုတေသနတို့ကို ၂၀၁၅ ခုနှစ် မတ်လအပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကနဦးစီမံကိန်းလုပ်ငန်းများတွင် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ်များတွင် လုပ်ငန်းရပ်ဆိုင်းခြင်း၊ တရားဥပဒေအရ ဖြေရှင်းခြင်းများကိုလည်း အသေးစိတ်ထည့်သွင်းရေးဆွဲထားပါကြောင်း၊ သဘောတူစာချုပ်များအား တင်ပြအတည်ပြုပြီး ကနဦးစီမံကိန်းလုပ်ငန်းများ အမြန်စတင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံမဟာဗျူဟာရေရှည်စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ်၏(ဆန်စပါးမဟုတ်သော) စိုက်ပျိုးသီးနှံထုတ်လုပ်ရေးကို တိုးမြှင့်ရန် စီမံကိန်းရေးဆွဲထားခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရခိုင်ပြည်နယ်သည် ဆန်စပါးကိုအဓိကထား၍ စိုက်ပျိုးထုတ်လုပ်သော ပြည်နယ်တစ်ခုဖြစ်သော်လည်း အခြားသီးနှံများဖြစ်သော ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့ကိုပါ တိုးတက်ထုတ်လုပ်နိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောင်းမြေပဲသီးနှံသည် ရခိုင်ပြည်နယ်၏ ဆီဖူလုံမှုကို အဓိက အထောက်အပံ့ပေးနိုင်သော သီးနှံဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြေပဲတစ်တင်းလျှင် ဆီ(၄/၅) ပိဿာခန့်ထွက်ရှိနိုင်ပြီး တစ်ဧကအထွက်နှုန်း တင်း(၁၀၀)ကျော်သော ဆင်းပဒေသာ(၁၁)မျိုးသစ်ကို ယခုနှစ်မှစတင်၍ ကျောက်တော်မြို့နယ်တွင် တင်း(၃၀၀) မျိုးသန့်ပွားများ စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

နှစ်ရှည်သီးနှံများတွင် ရခိုင်ပြည်နယ်အတွက် အဓိကဝင်ငွေရရှိနိုင်သော သရက်၊ တည်း၊ ကွမ်းသီးတို့ကို တိုးချဲ့စိုက်ပျိုးခြင်း၊ ခြံများ ထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်းတို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ တိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍



ဒုတိယဝန်ကြီး
ဦးအုန်းသန်း။



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၆)မှ ဦးခင်မောင်လတ်။

စပါး(၄၆၈၄ ဒသမ ၇၅)ဧက၊ ပုစွန်မွေးမြူရေးယာ(၆၃၄၅ ဒသမ ၅၇)ဧကနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးပြီး ဧရိယာ(၉၄၄၇ ဒသမ ၉၈)ဧက စုစုပေါင်း (၂၀၄၇၈ ဒသမ ၃၀)ဧကအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံမဟာဗျူဟာရေရှည်စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းနောက် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက တင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးက တင်သွင်းပြီး အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ်လွှတ်တော် ဒသမပုံမှန်စည်းဝေး

**ဘားအံ နိုဝင်ဘာ ၂၆**

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး တတိယနေ့ကို ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပခဲ့ရာ သဘာပတိအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးနေလင်းက ဆောင်ရွက်သည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြထားသည့်မေးခွန်း (၉)ခုကို လွှတ်တော်ကိုယ်စားလှယ် ငါးဦးက မေးမြန်းပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုပေးရန် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးကိုယ်စား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက အဆိုတင်သွင်းခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခဲ့ရာ ပြည်နယ်လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာခဲ့သည်။ ဆက်လက်၍ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းလျာထားချက်များနှင့် စပ်လျဉ်း၍ အတည်ပြုပေးရန် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးကိုယ်စား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက အဆိုတင်သွင်းခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခဲ့ရာ ပြည်နယ်လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ကရင်ပြည်နယ်ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)အား လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်လင်းက အတည်ပြုပေးပါရန် အဆိုတင်သွင်းခဲ့ပြီး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခဲ့ရာ ပြည်နယ်လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာခဲ့သည်။

**(ပြည်နယ်ပြန်/ဆက်)**

☆ ရှေ့ဖုံးမှ

ဆက်လက်ဆောင်ကြဉ်းနိုင်ရန် အားလုံးက ဝိုင်းဝန်းပူးပေါင်းကြရန် လိုအပ်ပါကြောင်း။

**လက်ရှိ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးဖြစ်စဉ် ရှင်သန်လာမှုသည် မိမိတို့အစိုးရ တစ်ဖွဲ့တည်း၏ ကြိုးပမ်းဆောင်ရွက်မှု မဟုတ်ဘဲ သက်ဆိုင်ရာ နိုင်ငံရေး အင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခဲ့သဖြင့် ရေရာသေချာသော အဆင့်တစ်ခုကို တက်လှမ်းနိုင်ခဲ့သည်ဟု မိမိအနေဖြင့် အစဉ်ခံယူထားပါကြောင်း၊ ယခု ကြိုးပမ်းအကောင်အထည်ဖော်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည်လည်း အောင်မြင်ဖြစ်ထွန်းမှုများရှိသကဲ့သို့ ဆက်လက်ကြိုးပမ်းကျော်လွှားရမည့် စိန်ခေါ်မှုများ အများကြီးရှိနေသေးပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေးအင်အားစုများအားလုံး စုစည်းကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပါကြောင်း။**

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံ၊ မိမိတို့လူ့အဖွဲ့အစည်းနှင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေများက ဖန်တီးလာသည့် အခြေအနေအတိုင်း အချိန်အခါအလိုက် ပြင်ဆင်ရေးသားသွားရမည်ဖြစ်သည့် မိမိ၏ရပ်တည်ချက်ကို မိမိအစဉ်အမြဲပြောခဲ့ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်များမှ ပေါ်ထွက်လာမည့် နိုင်ငံရေး ဆွေးနွေးမှုများသည်လည်း တိုင်းရင်းသား နိုင်ငံရေးအင်အားစုများအားလုံး၏ နိုင်ငံရေးသဘောတူညီချက်များကို ထင်ဟပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်မည်ဖြစ်ပါကြောင်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ အားလုံးတွင် တာဝန်ရှိသည်ဆိုသည်မှာ မှန်ကန်ပါကြောင်း၊ အထူးသဖြင့် ဥပဒေပြုရေး၏ အဓိကမောင်းနှင်အားဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ တိုင်းပြည်နှင့်ပြည်သူလူထု၏အနာဂတ်အတွက် အလွန်အရေးကြီးသော ကိစ္စဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ထိုကိစ္စတွင် နိုင်ငံရေးစေတနာအပြည့်နှင့် အမြော်အမြင်ကြီးကြီးထားပြီး အားသွန်ခွန်စိုက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။**

လက်ရှိဖြစ်ပွားနေသော ပစ်ခတ်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး မိမိအရင်ကပြောကြားခဲ့သလို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့က ဖြစ်စေ၊ မြန်မာ့တပ်မတော်ကဖြစ်စေ၊ ကျဆုံး၊ ထိခိုက်ဒဏ်ရာရလျှင်၊ လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရလျှင်ဖြစ်စေ မြန်မာနိုင်ငံသားတစ်ဦး ဆုံးရှုံးရခြင်းဖြစ်သည့်အတွက် မိမိအနေဖြင့် ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း၊ ယခု ရက်ပိုင်းတွင်ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများနှင့်ပတ်သက်ပြီး စောင့်ကြည့်လေ့လာရေးအဖွဲ့များ ပိုမိုဖွဲ့စည်းနိုင်ရန်နှင့်တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင် အရေးကြီးသော အခြေခံများကိုရရှိထားပြီးဖြစ်ပါကြောင်း။

၁။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး၊

၂။ အပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းရေး၊

၃။ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန်ဆိုသော အဓိကသဘောတူညီချက်များ ရရှိပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (NCCT) တို့ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်လျက် ရှိပါကြောင်း။

**NCA ချုပ်ဆိုပြီးသည့်အခါ လိုအပ်သော တပ်နေရာချထားမှုများ၊ လက်နက်ကိုင်တပ်များ လိုက်နာရမည့် စည်းကမ်းများ၊ နှစ်ဖက်ပဋိပက္ခတားဆီးဆောင်ရွက်မှုများ၊ စောင့်ကြည့်လေ့လာမှုများကို ပိုမိုအားကောင်းစွာ ပြုလုပ်လာနိုင်မည်ဖြစ်ပြီး နှစ်ဖက်အကြား မလိုလားအပ်သော ပစ်ခတ်တိုက်ခိုက်မှုများ၊ ထိတွေ့မှုများကို အပြီးတိုင် ရှောင်ရှားနိုင်မည်ဖြစ်ပါကြောင်း။**

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အရေးကြီးသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဆိုသည့် နိုင်ငံရေးသဘောတူညီချက်ကို ခိုင်မာစွာရရှိထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ ခိုင်မာသည့် အခြေခံများရရှိထားပြီး နိုင်ငံရေးဆွေးနွေးပွဲများတွင် ခွဲထွက်ရေးကိစ္စနှင့် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးစေမည့် ကိစ္စမှလွဲ၍ အခြားကိစ္စရပ်များအားလုံးကို ဆွေးနွေးရန် သဘောတူညီချက်ရရှိထားပြီးဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များရေးဆွဲခြင်းနှင့်ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ ယင်းအတွက်လည်း အထူးဝမ်းမြောက်မိပါကြောင်း၊ ဆက်လက်ပြီး နိုင်ငံရေးမူဘောင်များရေးဆွဲရေးတွင် အပြုသဘောဆောင်ပြီး အများလက်ခံနိုင်သည့် ရလဒ်များရရှိအောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း။

အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်ပြီး ပေါ်ပေါက်နေသော အငြင်းပွားမှုများ၊ သဘောမတူညီမှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းလိုက်သည့် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်ပြီး ပြုပြင်လိုသည်များ၊ ဖြည့်စွက်လိုသည်များ ရှိကြလျှင် ဥပဒေနည်းလမ်းများအတိုင်း ပြင်ဆင်ဖြည့်စွက်ရန်အတွက် ဆွေးနွေးပွဲများပြုလုပ်ရန် လိုအပ်သည့် ဆွေးနွေးမှုများ ပြုလုပ်ကြမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် လွတ်လပ်စွာ ပညာသင်ကြားခွင့်များ၊ ကျောင်းသားယူနီယံဖွဲ့စည်းခွင့်များက တက္ကသိုလ်ပညာရေး၏ အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်ပါကြောင်း၊ ကျောင်းသားယူနီယံပေါ်ပေါက်ရေးနှင့် ပညာရေးလွတ်လပ်ခွင့်သည် မရှိမဖြစ်လိုအပ်သည်ဆိုသောအချက်ကို အသိအမှတ်ပြုလက်ခံပါကြောင်း၊ ကျောင်းသားယူနီယံဖွဲ့စည်းရေးကို ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အုပ်ချုပ်သူများအကြား အပြန်အလှန်ဆက်သွယ်ညှိနှိုင်းနိုင်သည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားကြမည်ဖြစ်ပါကြောင်း။

**အထက်ကဆိုခဲ့သကဲ့သို့ အမျိုးသားပညာရေးဥပဒေသည် လွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေတစ်ရပ်ဖြစ်သည့်အတွက် ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်အညီ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို လုပ်ဆောင်ကြရန်လိုအပ်ပါကြောင်း၊ ပညာရေးစနစ်ကြီးတစ်ခုလုံးကို ပြုပြုပြောင်းလဲရန်မှာ အချက်အလက်များနှင့်အချိန်များစွာ ယူရမည်ဖြစ်၍ ထိုကိစ္စသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရမည့် ကိစ္စတစ်ခုဟု ဆိုချင်ပါကြောင်း၊ လက်ရှိ အမျိုးသားပညာရေးဥပဒေသည် စမှတ်တစ်ခုဖြစ်ပြီး ထိုဥပဒေကို ပြင်ဆင်ရန်အတွက်၊ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များ၊ ကျောင်းများနှင့်ဆရာများ၊ ကျောင်းသားများ၊ ပညာရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်သော Mechanism တစ်ခုတည်ဆောက်ပြီး ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ကြရန် လိုပါကြောင်း။**

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများ အပါအဝင် အရေးကြီးသော နိုင်ငံရေး အင်အားစုခေါင်းဆောင်များနှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပါကြောင်း၊ ယခုတွေ့ဆုံပွဲသည် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အတွက် အခက်အခဲတချို့လည်း ကြုံတွေ့ခဲ့ရပါကြောင်း၊ Institution များကို ကိုယ်စားပြုသည့် ခေါင်းဆောင်များ၏တွေ့ဆုံဆွေးနွေးမှုများသည် နိုင်ငံရေးသဘောတူညီမှုများ ပိုမိုရရှိလာရန်နှင့် လက်တွေ့ အကောင်အထည်ဖော်နိုင်ရန်အတွက် တွန်းအားပေးမှုတစ်ခုဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုကို ဆက်လက်ထိန်းသွားရန် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဟု မိမိအနေဖြင့် ခံယူထားသည့်အတွက် လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင်လည်း မရှိမဖြစ်လိုအပ်သော နိုင်ငံရေးပါတီများ၏ လုပ်ဆောင်ချက်များ၊ သဘောဆန္ဒများကို နားထောင်ပြီး အကောင်အထည်ဖော်ရန်ကြိုးပမ်းခြင်းလည်းဖြစ်ပါကြောင်း၊ ထိုဆွေးနွေးပွဲမှ အစပြုပြီး နောက်ပိုင်းတွင် ပိုမိုကောင်းမွန်သည့် ဆက်သွယ်ဆောင်ရွက်မှုများ လုပ်ဆောင်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ထိုထိပ်သီးဆွေးနွေးပွဲများမှ ပေါ်ထွက်လာမည့် နိုင်ငံရေးသဘောတူညီမှုများသည်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့်ကိစ္စတွင် အထူးအရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ရရှိထားသည့် အထက်ကတင်ပြခဲ့သော အဓိကသဘောတူညီချက်(၄)ချက်ကဲ့သို့ ကိစ္စများနှင့် ယခုလိုထိပ်သီးဆွေးနွေးပွဲများက ပေါ်ထွက်လာမည့်ရလဒ်များသည် နိုင်ငံရေးဆွေးနွေးမှုများပင် ဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့အားလုံး လက်ခံထားသော ပါဝင်သင့် ပါဝင်ထိုက်သူများအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုများကို သွားနေသည်ဆိုသည့် သက်သေများပင် ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ယနေ့တက်ရောက်လာကြသော ခေါင်းဆောင်များနှင့်တွေ့ဆုံသည့်အခါတိုင်း နိုင်ငံရေးပါတီများ၏ သဘောထားများနှင့် အကြံပြုချက်များကို လက်ခံနားထောင်ပြီး ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေး အင်အားစုများအားလုံး ပါဝင်သော တွေ့ဆုံဆွေးနွေးမှုများ မကြာခဏ ပြုလုပ်သွားရန်ရှိပါကြောင်း၊ နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲကဲ့သို့ ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်သွားမှာလည်းဖြစ်ပါကြောင်း၊ အားလုံးပါဝင်နိုင်အောင်၊ ဖိတ်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်သည့်အခါ အချိန်နှင့် အခက်အခဲတချို့ကြောင့် ကျန်ရှိခဲ့သည်များ ရှိပါကြောင်း၊ ယင်းအတွက်လည်း နောင်လာမည့်ဆွေးနွေးပွဲများတွင် ပါဝင်နိုင်ရန် ဂရုပြုဆောင်ရွက်မည်၊ အားလုံးပါဝင်နိုင်အောင် ကြိုးပမ်းမည်ဖြစ်သည်ကို ကတိပြုပါကြောင်း။

အထူးပြုပြောကြားချင်သည့် အချက်တစ်ချက်ရှိပါကြောင်း၊ ဒီမိုကရေစီ၏ မူအရ နိုင်ငံတွင် နိုင်ငံရေးအရ ယှဉ်ပြိုင်မှုများ၊ အားပြိုင်မှုများသည် သဘာဝကျကျ လက်ခံရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီ တည်ဆောက်ရေး ကြိုးပမ်းနေရသည့်နိုင်ငံက နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီအရေး ကြိုးပမ်းမှုများ အောင်မြင်ရေး၊ ရရှိထားသည့် နိုင်ငံရေးဖြစ်ထွန်းမှုများ ဆက်လက်တိုးတက်ရေးနှင့် အခက်အခဲ အကျပ်အတည်းများကို နိုင်ငံရေးအရထက် တိုင်းပြည်၏အသွင်ကူးပြောင်းရေး၊ အောင်မြင်ရေးဆိုသည့် ကိစ္စရပ်များကိုပါ စဉ်းစားတွေးခေါ်ပြီး ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါကြောင်း။

**လာမည့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲများသည် တိုင်းပြည်၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၏ အဓိကကျသော အလှည့်အပြောင်းကြီးတစ်ခုဖြစ်ပါကြောင်း၊ ယင်းရွေးကောက်ပွဲများ အောင်အောင်မြင်မြင်ကျင်းပပြီး ပြည်သူကို ကိုယ်စားပြုသည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာရေးအတွက် လိုအပ်သော ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုအတွက် နိုင်ငံရေးပါတီများက အမြော်အမြင်ကြီးကြီးဖြင့် ပြည်သူလူထု၏မျှော်လင့်ချက်များကို လက်တွေ့ အရှိတရားများဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။**

ယနေ့ တက်ရောက်လာကြသော နိုင်ငံရေးပါတီများနှင့် ခေါင်းဆောင်အသီးသီး၏ သဘောထားအမြင်များကိုလည်း ပွင့်ပွင့်လင်းလင်းဖြင့် လွတ်လွတ်လပ်လပ် ဆွေးနွေးအကြံပြုကြပါဟု ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပါတီ (၄၁)ပါတီမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားများ ပိုမိုပါဝင်ခွင့်ရရှိရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံရေးပါတီများ၏ တင်ပြဆွေးနွေးမေးမြန်းချက်များကို ကဏ္ဍအလိုက် အသေးစိတ်ပြန်လည်ဆွေးနွေးပြီး ယခုတွေ့ဆုံမှုသည် မိမိနှင့် နိုင်ငံရေးပါတီများ တတိယအကြိမ်တွေ့ဆုံမှု ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများက အပြုသဘောဆောင်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ထောက်ပြ ဆွေးနွေးသည့်အတွက် ကျေးဇူးတင်ကြောင်း၊ အစိုးရက ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသကဲ့သို့ နိုင်ငံရေးပါတီများကလည်း ပြည်သူ့ဆန္ဒများကို ဆက်စပ်အကောင်အထည်ဖော်ပေးနေသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရနှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ယန္တရားတစ်ရပ်ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် စိတ်ရှည်သည်းခံပြီး အချိန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများကလည်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများကလည်း ငြိမ်းချမ်းရေးအတွက် အထူးအလေးထားဆွေးနွေးခဲ့သည့်အပေါ် ကျေးဇူးတင်ကြောင်း၊ မြေယာပြဿနာအပါအဝင် လက်ရှိ

စာမျက်နှာ ၉ သို့ *



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် တွေ့ဆုံပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်တွင်းရေးရာ

**✻ စာမျက်နှာ ၈ မှ**

ဖြစ်ပေါ်နေသည့် အရေးကိစ္စများကို ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းပေးမည် ဖြစ်ကြောင်းပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ညနေ ၅ နာရီ မိနစ် ၅၀ တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံ တော်သမ္မတသည် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာ ၃၁ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ အမျိုးသားနိုင်ငံရေး အင်အားစု (၅) ဖွဲ့မှ ခေါင်းဆောင်များနှင့် နိုင်ငံရေးရာဆွေးနွေးပွဲကို ကျင်းပခဲ့ရာတွင်လည်း နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ညီနောင်တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA)၊ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (NBF)၊ ဖက်ဒရယ်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (FBA) အပါအဝင် စုစုပေါင်း ၁၄ ဦးတက်ရောက်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ၏ ယနေ့တွေ့ဆုံပွဲမှာ အောက်တိုဘာ ၃၁ ရက် တွေ့ဆုံပွဲအပြီး ၂၆ ရက်အကြာတွင် ဆက်လက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးပါတီ ၆၇ ပါတီတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

**✻ ပိုမိုကျယ်ပြန့်သောမှ**

အနာဂတ်မြန်မာ့နိုင်ငံရေး ရှေ့ခရီးလမ်းအတွက် အပြုသဘော ပိုမိုဆောင်လာသည့် လက္ခဏာတစ်ရပ်ဖြစ်၍ ကြိုဆိုကြရမည်ဖြစ်ပေသည်။

သို့ဖြင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးအင်အားစုပါတီများ ယနေ့တွေ့ဆုံပွဲနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူများ၏ သဘောထား မှတ်ချက်များကို ကောက်နုတ် စုစည်းတင်ပြလိုက်ရပါသည်။

**ဦးဇော်အေးမောင်**
**ဗဟိုအလုပ်အမှုဆောင်**
**(ရခိုင်အမျိုးသားပါတီ )**

မြန်မာနိုင်ငံမှာ ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ဗမာ၊ မွန်၊ ချင်း၊ ရခိုင် တိုင်းရင်းသားတွေနဲ့ လူမျိုးစုတွေ ၁၃၅ မျိုးရှိတဲ့အထဲမှာ ကိုယ်စားပြုတာ တစ်ယောက်တည်းကျတော့ နည်းလွန်းတယ်။ တိုင်းရင်းသားတွေရဲ့ အသံနည်းသွားမယ်၊ တိုင်းရင်းသားတွေနဲ့ များများတွေ့နိုင်လေ ဒို့တာဝန်အရေးသုံးပါး ခိုင်မာလာလေပဲ။ စုံစုံညီညီပါလာဖို့လိုတယ်။ အသံပါဖို့လိုတယ်။ ဥပမာ -တိုင်းရင်းသား ပါတီတွေထဲမှာ ဒို့တာဝန်အရေးသုံးပါးကို လေးစားတဲ့လူ၊ မျှတတဲ့လူ၊ မဖြစ်သင့်တဲ့လူ၊ ဘာမှလည်း မပြောဘဲ၊ ငုတ်တုတ်ထိုင် သူများပြောတာ နားထောင်ပြီး ပြန်လာမယ့်လူ မဖြစ်ရဘူး။ ပြည်ထောင်စုအရေး၊ ဒို့တာဝန်အရေးသုံးပါး၊ ဖက်ဒရယ်အရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမယ့် ဖွံ့ဖြိုးတိုးတက်ရေးတွေကို ကောင်းမွန်တဲ့ အကြံဉာဏ်တွေ ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေ ပါလာဖို့လိုတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရရယ်၊ ပြည်သူရယ်၊ ပြည်သူထဲမှာ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍကလည်း သိပ်အရေးကြီးတယ်။ မြန်မာနိုင်ငံဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံလို့မဖြစ်ခင် လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ချီကတည်းက နေလာတဲ့ တိုင်းရင်းသားတွေနဲ့ စုစည်း



**ဦးစိုင်းအောင်မြင့်ခိုင်**
**ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်**
**(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)**

ဖွဲ့ထားတဲ့ ပြည်ထောင်စုကြီး၊ ဒီတော့ အုပ်ချုပ်တဲ့ အစိုးရက တိုင်းရင်းသားတွေရဲ့အသံတွေကို စဉ်ဆက်မပြတ် ထိတွေ့နားထောင်နေရမယ်။ ဒါမှလည်း ငြိမ်းချမ်းရေးက အောင်မြင်လာမယ်။ ယုံကြည်မှုရှိလာမယ်။ ခဏခဏတွေ့မှ ယုံကြည်မှုရမယ်။ ယုံကြည်မှအလုပ်တွဲလုပ်လို့ရမယ်။ အလုပ်လုပ်မှ တိုင်းပြည်က တိုးတက်မယ်။ တိုင်းရင်းသားပြဿနာဖြေရှင်းဖို့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ အုပ်ချုပ်တဲ့အဖွဲ့အစည်းတွေ အမြဲတမ်း တွေ့နေရမယ်။ တွေ့တဲ့အခါ သူတို့ရဲ့ အသံတွေကို လည်း နားထောင်ရမယ်။ များများတွေ့လေ အကျိုးရှိလေ။ တွေ့ဆုံဆွေးနွေးတဲ့ အလေ့အထကို အသက်ပြန်သွင်းနိုင်မယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက်နားလည်မှုရှိမယ်။ ဒါပေမယ့် သိပ်ပြီးမျှော်လင့်ချက်ထားပြီး အဖြေမည်မည်ရရ မထုတ်နိုင်ခဲ့ရင် ဒါမျိုးတွေ့ဆုံဆွေးနွေးတာ အဓိပ္ပာယ်



**ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်**
**ဥပဒေအကြံပေး**
**(မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)**

ရှိရဲ့လားဆိုတာ မေးခွန်းထုတ်စရာဖြစ်ပါလိမ့်မယ်။ မတွေ့တာထက်တော့ တွေ့တာ ပိုကောင်းပါတယ်။

**ဦးစိုင်းအောင်မြင့်ခိုင်**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်**
**(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)**

တိုင်းရင်းသားတွေဘက်က ပြောမယ်ဆိုရင် လောဘကြီးတယ်လို့တော့ မပြောစေချင်ပါဘူး။ လိုချင်တာတော့ တစ်ယောက်ထဲမကဘူး။ တိုင်းရင်းသားလူမျိုးတွေထဲက ကိုယ်စားပြုမှာ။ တစ်ယောက်ထဲဆိုတော့ ထပ်ပြီးလိုချင်တာပေါ့။ တိုင်းရင်းသားတွေ အားလုံးကိုယ်စား တစ်ယောက်ပါတယ်ဆိုရင်လည်း ကျေနပ်တော့ ကျေနပ်ရမှာပေါ့။ အားလုံးကို ကိုယ်စားပြုဖို့တော့ ခက်ခဲပါလိမ့်မယ် ကိုယ်စားပြုမှာတော့ သမ္မတပေါ်မှာပဲ မူတည်ပါတယ်။ ဘယ်လိုရွေးချယ်မလဲဆိုတာ ကျွန်တော်တို့လည်း မခန့်မှန်းတတ်သေးဘူး။



**ဦးအေးလွင်**
**(ဥက္ကဋ္ဌ)**
**(ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ)**

ကျွန်တော်တို့လည်း အဲ့ဒါကို စောင့်ကြည့်နေပါတယ်။

**ဦးနိုထန်ကပ် (ဥက္ကဋ္ဌ)**
**(ချင်းတိုးတက်ရေးပါတီ)**

လွှတ်တော်က ပြောတဲ့(၆)ပွင့်ဆိုင်ဆိုရင် တိုင်းရင်းသားပါတီဝင်အနေနဲ့က တစ်ဦးထဲပါမှာ။ ဒါဆိုရင်နည်းပါတယ်။ မသင့်လည်းမသင့်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံမှာ လူမျိုးကြီး(၈)ခုရှိပါတယ်။ တိုင်းရင်းသားတွေထဲက တစ်ဦးစီပါသင့်ပါတယ်။ အဲဒီထဲမှာ ပါဝင်တဲ့သူကလည်း လူ့အရိပ်(၃)ပါးကိုနားလည်ပြီး ပြောရဲဆိုရဲရမှာ ဖြစ်ပါတယ်။ စားပွဲမှာထိုင်ပြီး မပြောရဲ မဆိုရဲရင်လည်း မသင့်တော်ပါဘူး။ တစ်ဦးတော့အနည်းဆုံး ပါသင့်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့လည်း အားရကျေနပ်မှာဖြစ်ပါတယ်။ ခုနစ်ယောက်လုံးပါတော့လည်းဘာဖြစ်လဲ။ ဒါကျွန်တော်တို့ တိုင်းရင်းသားအများစုရဲ့ ရင်ခုန်သံလည်းဖြစ်ပါတယ်။



**ဦးနိုထန်ကပ်**
**(ဥက္ကဋ္ဌ)**
**(ချင်းတိုးတက်ရေးပါတီ)**

**ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်**
**ဥပဒေအကြံပေး**
**(မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန)**

ကျွန်တော့်အနေနဲ့ တိုင်းရင်းသားတွေ ကိုယ်စားပြုပြီး တစ်ယောက်ထဲပါတာကို တိုင်းရင်းသား လူငယ်ရှုထောင့်ကကြည့်ရင် ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်ပေါ့။။ ပထမသမ္မတက (၄)ပွင့်ဆိုင်လို ကျဉ်းကျဉ်းလေးကနေ အကျယ်ချဲ့ပေးပြီးတော့ (၁၁)ရက်နေ့တွေ့တုန်းက ဆွေးနွေးနိုင်တာ မဆွေးနွေးနိုင်တာ၊ ဆုံးဖြတ်ချက်ချတာ၊ မချတာထက် Stakeholder တွေအားလုံးကိုယ်စားပြုပြီး အများကြီး ပါဝင်လာနိုင်တာကြောင့် အခြေခံဥပဒေ ပြင်ဆင်ရေးဖြစ်ဖြစ်၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ဖြစ် ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်။ ပထမ ၁၄ ဦး တွေ့ပြီးတဲ့ နောက်ပိုင်းမှာ ဧရိယာကပြန်ကျဉ်းလာတဲ့အခါကျတော့ စဉ်းစားစရာဖြစ်တယ်၊ ဒုတိယအချက်က ကျွန်တော်တို့ တိုင်းရင်းသားတွေမှာလည်း အားလုံးက တိုင်းရင်းသားပါတီဆိုတာ မရှိပါဘူး။

**ဦးအေးလွင် (ဥက္ကဋ္ဌ)**
**(ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ)**

ကျွန်တော်တို့သွားနေတာ ပါတီစုံဒီမိုကရေစီနိုင်ငံဖြစ်ပါတယ်။ ပါတီတစ်ခုတည်းကိုပဲ နိုင်ငံတော်ပိုင်းက Highlight လုပ်နေမယ်ဆိုရင် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အင်းအားချည့်နဲ့သွားစေနိုင်ပါတယ် ။မီဒီယာနောက်ခံပေးမှု၊ အစိုးရအလေးပေးဆက်ဆံမှု ဆိုတာတွေက နိုင်ငံရေးမှာ အဓိကအားတွေပဲ။ နိုင်ငံရေးပါတီတစ်ခုတည်းကို အားထည့်ပေးလိုက်သလို ဖြစ်သွားနိုင်တယ်။ ပါတီစုံဒီမိုကရေစီစနစ်ထူထောင်နေတဲ့၊ စိတ်ဓာတ်ကြံ့ကြံ့ခံပြီး လျှောက်လှမ်းနေတဲ့ ပါတီတွေအတွက် စိတ်အားပျက်စေတယ်လို့ ကျွန်တော်မြင်တယ်။ နိုင်ငံရေးပါတီတွေ အကုန်လုံးမှာ တစ်ယောက်ပဲ ကိုယ်စားပြုတာ ကျွန်တော်တော့ မယုံကြည်ဘူး။ ဝေဖန်စရာဖြစ်လိမ့်မယ်လို့မြင်တယ်။ ။

❐❐

**❀ ကျောဖုံးမှ**

Joint ပုံစံနဲ့ သဘောတူညီဆောင်ရွက်နေပါတယ်။ နောက်ထပ်ပြည်တွင်းမှ အော်ပရေတာတစ်ခုက မကြာခင်ပေါ်လာမှာဖြစ်ပါတယ်။ အော်ပရေတာအနေနဲ့ ဈေးကွက်ကို လွတ်လွတ်လပ်လပ်လုပ်ရမယ်။ MPT ကလည်း အစိုးရရဲ့ချုပ်ကိုင်မှုမရှိတော့ဘူး။ လွတ်လွတ်လပ်လပ်လုပ်ခွင့်ပေးထားတယ်။ သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းတွေနဲ့အညီ လုပ်ဖို့ပဲ ဌာနအနေနဲ့ထိန်းကျောင်းပေးတာ၊ ဈေးလျှော့တာ၊ ဈေးကွက်မြှင့်တင်တာတို့က သူတို့ အတွေးအခေါ်နဲ့သူတို့လုပ်လိမ့်မယ်”ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးကဏ္ဍ၏ ဖုန်းဆက်သွယ်မှုကဏ္ဍတွင် အော်ပရေတာလေးခုအထိ ရှိလာမည်ဖြစ်ပြီး လက်ရှိတွင် တရားဝင် အော်ပရေတာ လိုင်စင်ရရှိဆောင်ရွက်နေပြီဖြစ်သည့် အော်ရီဒူး၊ တယ်လီနော၊ MPT နှင့်မကြာမီ ပေါ်ပေါက်လာမည့် အော်ပရေတာတစ်ခုအဖြစ် MEC တို့ဖြစ်ကြောင်း၊ အော်ပရေတာများ အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်စွာ ဈေးကွက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၀၀၁)**

# အင်္ဂလိပ်ဘာသာ ဒီပလိုမာသင်တန်းများ တက်ရောက်ခြင်းဖြင့် ထူးချွန်သူများဖြစ်လာနိုင်

ရန်ကုန် နိုဝင်ဘာ ၂၆

**နိုင်ငံတော်၏တည်ဆောက်ပြုပြင်ရေးကဏ္ဍများတွင် လိုအပ်လျက်ရှိသော အင်ဂျင်နီယာမျိုးဆက်သစ်လူငယ်များ ဖြည့်ဆည်းပေးနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်ကြီးများနှင့် နိုင်ငံတကာအဆင့်မီအင်ဂျင်နီယာဘာသာရပ်များ သင်ကြားပေးနေသည့် ပုဂ္ဂလိက သင်တန်းကျောင်းများမှ အင်ဂျင်နီယာမျိုးဆက် လူငယ်များအား မွေးထုတ်ပေးလျက်ရှိသည်။**

သာဓကအားဖြင့် အင်ဂျင်နီယာပညာရပ်အား စိတ်ပါဝင်စား ပြီး ငွေကြေးအခက်အခဲရှိနေသော လူငယ်များအတွက်ရည်ရွယ်ပြီး GLORY သင်တန်းကျောင်းမှ နှစ်စဉ်ပညာသင်ဆုများပေးလျက်ရှိကာ လွန်ခဲ့သော ရှစ်နှစ်တာကာလအတွင်း လူငယ် ၁၄၅ ဦး အား ပညာသင်ဆုပေးအပ်ခဲ့သည်။

သင်တန်းကျောင်းမှ ၂၀၁၅ခုနှစ် ပညာသင်နှစ်အတွက် UK ပညာရေးအဆင့် NQF Level (3) အဆင့်ရှိ ဒီပလိုမာ ခြောက်မျိုးနှင့် Level(5) ရှိ Advanced Diploma သုံးမျိုးအတွက် သင်တန်းသား ၁၈ ဦးအား ပညာသင်ဆုပေးရန် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုချီးမြှင့်ခံရသူများအား City& Guilds ၏ နောက်ဆုံးထွက်ရှိသော သင်ရိုးညွှန်းတမ်းအသစ်များဖြင့် လုပ်ငန်းခွင်အတွက် အသုံးဝင်သော Health and Safety, Environmental Regulation, Engineering Management,Quality Control ဘာသာရပ်များ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လမှ တစ်နှစ်ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ သင်တန်းများမှ သင်တန်းအောင်မြင်ပြီးသူများအနေဖြင့် နိုင်ငံတကာအဆင့်မီကုမ္ပဏီကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ရေနံတူးစင်များ၊စက်ရုံကြီးများနှင့် အခြားအင်ဂျင်နီယာနှင့် သက်ဆိုင်သောလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး အင်ဂျင်နီယာဒီပလိုမာ အခမဲ့ ပညာသင်တန်းများသို့ တက်ရောက်ခြင်းဖြင့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

# ဂျပန်ဖလား တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာန တံခွန်စိုက်ဆုရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဒသမအကြိမ်မြောက် Japan Cup တံခွန်စိုက် ဂျူဒိုပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ဒုတိယနေ့ပြိုင်ပွဲကို သိမ်ဖြူအားကစားခန်းမ၌ ဆက်လက်ကျင်းပရာ တံခွန်စိုက်ဆုကို ကာကွယ်ရေးဝန်ကြီးဌာနမှရရှိ၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဆုဖလားပေးအပ်သည်။

Japan Cup တံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက် ဒိုင်းဆုကြီးအား ကာကွယ်ရေးဝန်ကြီးဌာနမှ ရွှေ ခြောက်ခု၊ ငွေ ရှစ်ခု၊ ကြေးကိုးခုတို့ဖြင့် တံခွန်စိုက်ဆုရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသားအားကစားသမားဆု(၅၅)ကီလိုတန်း ဟိန်းရာဇာအောင်၊ အကောင်းဆုံးအမျိုးသမီး အားကစားသမားဆု (၇၀)ကီလိုတန်း ဖြိုးရွှေစင်ကျော် အားကစားသိပ္ပံရန်ကုန်၊ အတိုးတက်ဆုံးအမျိုးသားအားကစားသမားဆု (၈၁)ကီလိုတန်း ချစ်မင်းမင်းကို(အား/ကာ)၊ အတိုးတက်ဆုံးအမျိုးသမီးအားကစားသမားဆု (၅၇)ကီလိုတန်း နွယ်နီပွင့်လှိုင် အားကစားသိပ္ပံရန်ကုန်တို့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံရုံးတာဝန်ရှိသူ အသီးသီးတို့က ဆုများပေးအပ်ကြကြောင်း သိရသည်။ **(စောသိန်းဝင်း)**

# မြန်မာ-ရုရှား နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး Nikolai P. Patrushev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် ရုံးအမှတ်(၁၈) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ ယနေ့ ညနေ ၃ နာရီတွင် လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနတို့အကြား မြန်မာ-ရုရှားနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ကျော်ဝင်းနှင့် ရုရှားနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန First Deputy Director Mr.Vladimir A.Kalandaတို့ လက်မှတ်ရေးထိုးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးလက်မှတ်ရေးထိုးသည့်အစီအစဉ်သို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ကြေးမုံ)**

# အိမ်ရှင်စင်ကာပူအသင်းကို မြန်မာအသင်းရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၂၆**

အာဆီယံ ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို စင်ကာပူနိုင်ငံတွင်ကျင်းပရာ ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

**စင်ကာပူ - လေးဂိုး။**
**မြန်မာ - နှစ်ဂိုး။**

မြန်မာအသင်းမှာ အိမ်ရှင်စင်ကာပူအသင်းကို ရှုံးနိမ့်ခဲ့ရသောကြောင့် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ မြန်မာအသင်းမှာ စင်ကာပူအသင်း၏ တည်ကန်သောဘောများကို မထိန်းနိုင်၍ ဂိုးများစွာပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုနောက်ဆုံးပွဲတွင် ထိုင်းကို ဂိုးပြတ်အနိုင်ရရန် လိုအပ်သလို စင်ကာပူ-မလေးရှားပွဲရလဒ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းမှာ ပွဲအစ ၁ မိနစ်တွင် ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးရရှိခဲ့သော်လည်း နန္ဒလင်းကျော်ချစ် အသုံးမချနိုင်ခဲ့ပေ။ အိမ်ရှင်စင်ကာပူအသင်း၏ ကစားပုံမှာ သာမန်သာရှိသော်လည်း မြန်မာအသင်း၏အမှားများကြောင့် ပထမပိုင်းတွင် သုံးဂိုးအထိရရှိခဲ့ခြင်းဖြစ်သည်။ ၁၅ မိနစ်မှာပင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ရှာဖူကစင်ကာပူအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ကွင်းလယ်လူ ဟာရစ်က ၃၄ မိနစ်နှင့် ၄၁ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းအစတွင် ရန်အောင်ကျော်အစား ကြည်လင်းဝင်လာ၍ မြန်မာတိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၅၄ မိနစ်တွင် ကျော်ဇေယျာဝင်း၊ မင်းမင်းသူတွဲလုံးမှ ကျော်ဇေယျာဝင်းက ပထမချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားအားတက်လာပြီး မိနစ် ၆၀ တွင် ကျော်ကိုကိုက ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ စင်ကာပူအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ၇၄ မိနစ်တွင် ရှာဖူကပင် သွင်းယူခဲ့သည်။

ပထမပွဲအဖြစ် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ထိုင်းအသင်းက နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် ဆီမီးတက်သွားပြီး စင်ကာပူအသင်းက သုံးမှတ်၊ မလေးရှားနှင့် မြန်မာအသင်းတို့က တစ်မှတ်စီရရှိထားသည်။ **(ရှိုင်းထက်ဇော်)**

# အခြေခံပညာကျောင်းများသို့ စာသင်ခုံများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများသို့ စာသင်ခုံများ လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ရှင်စောပုလမ်း လွှတ်တော်ဝင်းအတွင်းရှိ တိုင်းဒေသကြီးအသင်းရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်ခင်သက်ဌေးက မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ကို စောင့်ရှောက်ပေးရန် ရည်ရွယ်ဖွဲ့စည်းထားသည့် လူမှုရေးအဖွဲ့အစည်းဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိပြီး မူလတန်းပညာ ပြီးမြောက်အောင် သင်ကြားခွင့်ရရှိရန်နှင့် ဘက်စုံပညာရည်မြှင့်တင်ရေးကို ကူညီပံ့ပိုးဆောင်ရွက်ပေးရန် လုပ်ငန်းစဉ်များချမှတ်ပြီး ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပညာရေးထောက်ပံ့မှုပေးရန်၊ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့် ရရှိစေရေးနှင့် ဘက်စုံပညာရည်မြှင့်တင်စေရေးအတွက် ပညာရေးအထောက်အကူပြုလုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး ကလေးငယ်များပညာသင်ယူရာတွင် သက်သောင့်သက်သာသင်ယူနိုင်ရန် အမှန်တကယ်လိုအပ်သည့် ကျောင်းများကို ရွေးချယ်၍ စာသင်ခုံများ ထောက်ပံ့လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ခုနစ်ကျောင်းသို့ ငွေကျပ် ၄၃၅၀၀၀၀ တန်ဖိုးရှိ စာသင်ခုံ အစုံ ၁၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**သီသီမင်း**





# တရားရုံးများနှင့် မီဒီယာဆက်ဆံရေး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ တရားရုံးများနှင့် မီဒီယာဆက်ဆံရေးညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တရားရုံးများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ပြည်သူလူထုနှင့် သတင်းမီဒီယာများအား အသိပေးရန်၊ သိရှိလိုသော အချက်အလက်များကိုလည်း ဖြေကြားရန်နှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြည်သူလူထုက ပွင့်လင်းမြင်သာစွာ သိမြင်နိုင်စေရန်အတွက် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားရေး ဦးစီးမှူး ဒေါ်နန်းစန္ဒာစမ်းက သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် သတင်းပြန်ကြားရေးအဖွဲ့ဝင်များ လိုက်နာရမည့်အချက်များ၊ သတင်းပြန်ကြားရေးအရာရှိများ လိုက်နာကြရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ကြသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၁၄-၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၉ ဒသမ ၂၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၂၂ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၆ ဒသမ ၄၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃၄ ဒသမ ၃၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၉၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၄၃ ဒသမ ၂၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် အောက်တိုဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၆ ဒသမ ၈၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၉၉ ဒသမ ၆၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၇၂ ဒသမ ၆၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၇၂ ဒသမ ၃၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၀၆ ဒသမ ၄၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၂ ဒသမ ၃၅ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၈၈ ဒသမ ၈၃ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၇၁၆ ဒသမ ၄၉ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။ **(ကြေးမုံ)**

# တက္ကစီအသင်းအဖွဲ့များဖြင့် ဝန်ဆောင်မှုပေးရန် တင်ပြလာမှုများကို တိုင်းဒေသကြီးအစိုးရမှ စဉ်းစားသုံးသပ်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော အငှားယာဉ်(တက္ကစီ)များ အသင်းအဖွဲ့ပုံစံဖြင့် ဝန်ဆောင်မှုပေးရန် တင်ပြလာမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စဉ်းစားသုံးသပ်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က နိုဝင်ဘာ ၂၅ ရက်က ကြေးမုံသို့ ပြောကြားခဲ့သည်။

တက္ကစီအသင်းအဖွဲ့ပုံစံ ဆောင်ရွက်လိုသူများ၊ ဖုန်းခေါ်ဆိုမှုဖြင့် တက္ကစီအိမ်တိုင်ရာရောက် လာရောက်ကြိုပို့ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများကို ပုဂ္ဂလိကမှ တင်ပြလာမှုများရှိရာ ယင်းသို့ တင်ပြလာမှုများအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လက်ခံစဉ်းစားပေးသွားမည်ဟု ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည့် 13th Session of The General Assembly of Asia Pacific Telecommunication and 38th Session of The Management Comittee of The Asia Pacific Telecommunication အစည်းအဝေး၌ ဝန်ကြီး ဦးအောင်ခင်နှင့် တွေ့ဆုံစဉ် ကြေးမုံသို့ ဖြေကြားပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် အသင်းအဖွဲ့ဖြင့် တက္ကစီပြေးဆွဲမှုမှာ လေဆိပ်၊ အဝေးပြေး စသည်တို့တွင်သာရှိပြီး ဖုန်းဖြင့် ဝန်ဆောင်မှုပေးသော On Call Service ပေးသည့် အသင်းအဖွဲ့ မရှိသေးကြောင်း၊ နိုင်ငံတကာကဲ့သို့ ဝန်ဆောင်နိုင်မှုမရှိသေးဘဲ ခရီးသည်နှင့်ယာဉ်မောင်း ညှိနှိုင်းဈေးဖြင့်သာ သွားလာနေရသည့်အတွက် အငှားယာဉ်များ စီမံအုပ်ချုပ်နေသည့် သက်ဆိုင်ရာမှ လည်းကောင်း၊ ပုဂ္ဂလိကစုဖွဲ့မှုပုံစံဖြင့် အသင်းအဖွဲ့ ဝန်ဆောင်မှုပေးရန် တင်ပြမှုများ ရှိကြောင်း သိရသည်။

"မထသအနေနဲ့တော့ စီးတီး တက္ကစီ စီမံခန့်ခွဲမှုရှိလာပြီဆိုပေမယ့် တက္ကစီနဲ့ပတ်သက်လို့ အသင်းအဖွဲ့ပုံစံ ဆောင်ရွက်ချင်ရင်တော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုပဲ တင်ပြရမှာပါ။ ခရီးသည်တွေကို ဝန်ဆောင်မှုပေးနိုင်မယ့်ဟာတွေကို ကြိုဆိုပါတယ်။ On Call ခေါ်ဆိုမှုလုပ်ဖို့ကတော့ မလွယ်ကူပါဘူး။ သက်ဆိုင်ရာရဲ့ပံ့ပိုးမှုတွေ လိုအပ်မှာပါ"ဟု မထသ (ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီးတီးတက္ကစီများနှင့်ပတ်သက်၍ စနစ်တကျ ဆောင်ရွက်ပေးရန် လိုအပ်ပြီး ယခင်ကလည်း တက္ကစီမီတာများကို တစ်လုံး နှစ်သိန်းကျပ်ဖြင့် ဝယ်ယူတပ်ဆင်ခဲ့ရသော်လည်း တန်ဖိုးကြီး၍ အသုံးမဝင်ခဲ့ကြောင်း တက္ကစီယာဉ်မောင်းများနှင့် ယာဉ်ပိုင်ရှင်များက ဆိုသည်။ **(ဝဝ၁)**

# ထောက်ကြန့်မြို့ အထက(၃)၌ ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော "မြန်မာအမျိုးသမီးဟူသည်" စာပေဟောပြောပွဲကို မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် အထက(၃) အင်ကြင်းခန်းမ၌ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆရာမကြီး ဒေါ်ခင်ညိုညိုမြင့်က "မြန်မာအမျိုးသမီးဟူသည်" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ကျောင်းသားကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇင်ငြိမ်း (မင်္ဂလာဒုံ)**



*ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၃)ကို နိုဝင်ဘာ ၂၉၊ ၃၀ ရက်များတွင် ကစားမည်ဖြစ်၍ စိတ်ဝင်စားစရာကောင်းသည့် ပွဲစဉ်ငါးပွဲအား ကြိုတင်ခံစားကြည့်လိုက်မိပါသည် .......*

# ဘွန်ဒက်လီဂါ ပွဲစဉ်(၁၃)

ဝင်း ထွင့် ဦး

### ရှော်လ်ကေး VS မိန့်ဇ် ည ၉း၀၀ (၂၉-၁၁-၂၀၁၄)

ချန်ပီယံလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ရှော်လ်ကေး အိမ်ကွင်းမှာ မိန့်ဇ်ကို အနိုင်ရလဒ်ရအောင် အားထည့်ရုန်းပါလိမ့်မည်။ မိန့်ဇ်ကလည်း ယခုရာသီအဝေးကွင်း နိုင်ပွဲတစ်ပွဲသာရသေး၍ နောက်ထပ် နိုင်ပွဲတစ်ပွဲအတွက် ကြိုးစားမည်ဖြစ်သည်။ နှစ်သင်းစလုံး နိုင်ပွဲရရေးအားကုန်ထုတ်ယှဉ်ပြိုင်ရင်း သရေနှင့်သာ ပွဲပြီးသွားဖို့ရှိနေသည်။

### လေဗာကူဆင် VS ကိုလုံး ည ၉း၀၀ (၂၉-၁၁-၂၀၁၄)

ပွဲစဉ်(၁၂)အပြီး အဆင့်(၄)နေရာရောက်နေသည့် လေဗာကူဆင်အသင်း အိမ်ကွင်းပွဲရှုံးပွဲမရှိ မှတ်တမ်းကောင်းကို ယခုပွဲမှာ ဆက်ထိန်းနိုင်အောင် ကစားပါလိမ့်မည်။ ကိုလုံးကလည်း ခြေစွမ်းတည်ငြိမ်မှုမရှိဖြစ်နေသဖြင့် အိမ်ရှင်ကို ယှဉ်နိုင်ဖို့ အခက်တွေ့ဖွယ်ရှိနေသည်။ သို့သော် နှစ်သင်းနောက်ဆုံး(၄)ကြိမ် တွေ့ဆုံမှုမှာ ကိုလုံးအသင်း အသာစီးရထားသည်။

### ဟာသာဘာလင် VS ဘိုင်ယန်မြူးနစ် ည ၉း၀၀ (၂၉-၁၁-၂၀၁၄)

နောက်ဆုံး(၅)ကြိမ် တွေ့ဆုံမှုမှာ ဘိုင်ယန်မြူးနစ်တို့ ပြတ်ပြတ်သားသား အသာစီးရယူထားနိုင်ခဲ့ပြီး လက်ရှိခြေစွမ်းပိုင်းမှာလည်း အကောင်းဆုံးပုံစံကိုရရှိနေသဖြင့် အိမ်ရှင်အသင်း ယှဉ်နိုင်ဖို့မလွယ်ကူလှပါ။ ဘိုင်ယန်မြူးနစ်အသင်း အနည်းဆုံးနှစ်ဂိုးပြတ်နှင့် အောင်ပွဲခံဦးမည့်ပွဲဖြစ်နိုင်မလားစောင့်ကြည့်ရမည်သာဖြစ်သည်။

### ဝါဒါဘရီမင် VS ပါဒါဘွန်း ည ၉း၀၀ (၂၉-၁၁-၂၀၁၄)

အမှတ်ပေးဇယားအောက်ဆုံးပိုင်း အဆင့်(၁၇)ကို ရောက်နေသည့် ဝါဒါဘရီမင်အသင်း ယခုအိမ်ကွင်းပွဲမှာ ပါဒါဘွန်းကိုအနိုင်ရအောင် အစွမ်းကုန်ထုတ်ယှဉ်ပြိုင်မည်မှာ သေချာနေသည်။ ပါဒါဘွန်း၏ ခြေစွမ်းကလည်း အဝေးကွင်းနောက်ဆုံးနှစ်ပွဲမှာ အားရစရာအနေအထားမရှိခဲ့။ အိမ်ကွင်း၊ အဝေးကွင်း ရလဒ်ကောင်းတစ်ခုလိုအပ်နေသည့် နှစ်သင်းတွေ့ဆုံမှုဖြစ်နေ၍ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပွဲအဖြစ် မြင်တွေ့ရဖွယ်ရှိနေသည်။

### ဝုဖ်ဘတ် VS မိုချင်ဂလက်ဘက် ည ၉း၀၀ (၃၀-၁၁-၂၀၁၄)

နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်(၁၂)တွင် ရှုံးပွဲကိုယ်စီတွေ့ခဲ့၍ ယခုပွဲမှာ နိုင်ပွဲပြန်ရှာတွေ့အောင် အားထည့်ကစား ကြမည်ဖြစ်သည်။ သို့သော် နှစ်သင်းစလုံး ယူရိုပါလိဂ်ပွဲစဉ်တွေ ကစားခဲ့ရသည်ကိုတော့ ထည့်စဉ်းစားရမည်။ လက်ရှိ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်နေသည့် ဝုဖ်ဘတ်အသင်း ကပ်ပြီးအောင်ပွဲခံသွားနိုင်သည်ဟု သုံးသပ်မိပါသည်။



## အဂူရိုမှာ မန်စီးတီး၏ စပါယ်ရှယ်ဝမ်းဟု ကွန်ပနီပြောကြား

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ တိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် တိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအသင်း၏ စပါယ်ရှယ်ဝမ်းဖြစ်ကြောင်း မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီက ထုတ်ဖော်ပြောကြားလိုက်သည်။

မန်စီးတီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ချန်ပီယံလိဂ်ပွဲစဉ်တွင် မန်စီးတီးအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ချန်ပီယံလိဂ်ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူးအဂူရိုတစ်ဦးတည်းက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို အလွန်ဆိုနှင့်လီဝန်ဒိုစကီးတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး အဂူရိုအနေဖြင့် မန်စီးတီးအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက“ ထိပ်တန်းအဆင့်ရှိတဲ့ အသင်းတွေမှာ ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေလိုအပ်ပါတယ်၊ တိုက်စစ်မှူး အဂူရိုဟာလည်း ထိပ်တန်းအဆင့်ရှိ ကစားသမားတစ်ဦးပါ၊ မန်စီးတီးအသင်းအတွက်လည်း အဂူရိုဟာ မရှိမဖြစ် အရေးပါနေတဲ့ တိုက်စစ်မှူးတစ်ဦးပါ”ဟု ချီးကျူးစကားပြောကြားခဲ့သည်။ **[ငွေကြယ်]**

## မိုနာကိုကွင်းလယ်လူ မော်တင်ဟိုအား ခေါ်ယူရန် ပရီမီယာလိဂ်ကလပ်များ အပြိုင်ချိတ်ဆက်နေ

ပြင်သစ်လီဂူးကလပ် မိုနာကိုအသင်း၏ ပေါ်တူဂီကွင်းလယ်ကစားသမား မော်တင်ဟိုအား လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် ပရီမီယာလိဂ်ကလပ်များ အပြိုင်ချိတ်ဆက်နေကြောင်း သိရသည်။ မော်တင်ဟိုမှာလည်း မိုနာကိုအသင်းတွင် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရခြင်းကြောင့် မပျော်မရွှင်ဖြစ်နေပြီး ပရီမီယာလိဂ်သို့ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

မန်ယူ၊ အာဆင်နယ်နှင့် စပါးအသင်းတို့မှာ မော်တင်ဟိုအတွက် ယူရိုသန်း ၃၀ ခန့်အသုံးပြု၍ခေါ်ယူရန် အသင့်ရှိနေကြောင်းgoal.com တွင်ဖော်ပြခဲ့သလို မန်ယူအသင်းမှာ မော်တင်ဟိုအား အခြားအသင်းများထက် ကြိုတင်လက်ဦးမှု ရယူကာ ကမ်းလှမ်းသွားရန် ပြင်ဆင်နေပြီး ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးနေကြောင်း သိရသည်။ မန်ယူအသင်းမှာ မော်တင်ဟိုအား ပြောင်းရွှေ့ကြေး နှင့်စာချုပ်လျော်ကြေး အပါအဝင် ယူရိုသန်း ၄၀ ကျော် အသုံးပြုသွားရန် စီစဉ်နေကြောင်း ဗြိတိန်မီဒီယာ တစ်ခုဖြစ်သည့် BBC တွင်ဖော်ပြခဲ့သည်။ အသက် (၂၆) နှစ်အရွယ်ရှိ ပေါ်တူဂီလက်ရွေးစင် ကွင်းလယ်လူ မော်တင်ဟိုမှာ ပြီးခဲ့သည့် ၂၀၁၃ နွေရာသီအပြောင်းအရွှေ့ကာလက မိုနာကိုအသင်းသို့ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး ပေါ်တူဂီလက်ရွေးစင်အသင်းတွင်လည်း ၇၆ ပွဲအထိပါဝင်ကစားခဲ့ဖူးသူဖြစ်ကြောင်းသိရသည်။ **[ကိုရဲ]**



## ဘောလုံးလောကသတင်းတိုများ

- အက်စတွန်ဗီလာတိုက်စစ်မှူး ဒါရန့်ဘန့်သည် ချန်ပီယံရှစ်ကလပ် ဘရိုက်တန်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။
- ဆောက်သမ်တန်အသင်းသည် အက်ဖ်စီတွမ်တီးအသင်းမှ တိုက်စစ်မှူး ကော်ရိုနာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အဆိုပါမက္ကဆီကိုတိုက်စစ်မှူးအား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ၂ ဒသမ ၅ သန်းကုန် ကျမည်ဖြစ်ကြောင်း သိရသည်။
- စပါးအသင်းသည် အင်တာမီလန်တိုက်စစ်မှူး အီကာဒီအား ခေါ်ယူရန် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်သည့် ချယ်လ်ဆီး၊ လီဗာပူးတို့နှင့်အပြိုင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။
- လီဗာပူးအသင်းသည် ချယ်လ်ဆီးဂိုးသမားပီတာချက်၊ ပေါ်တိုတိုက်စစ်မှူး မာတီနက်ဇ်နှင့်နေ့ဝှစ်ချ်တောင်ပံကစားသမား ရက်မွန့်တို့သုံးဦးအား ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် သုံးဦးပေါင်း ပေါင် ၄၇ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- စတုတ်စီးတီးအသင်းနည်းပြ မာဟုချ်သည် ကစားသမားအင်အားဖြည့်တင်းမှုနှင့် ပတ်သက်၍ ဇန်နဝါရီအပြောင်းအရွှေ့တွင် ကစားသမားသစ်ခေါ်ယူရန်မရှိသေးကြောင်းနှင့် နွေရာသီအပြောင်းအရွှေ့ဈေးကွက်အထိ စောင့်ဦးမည်ဖြစ်ကြောင်း သိရသည်။
- အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ခြေချင်းဝတ်ဒဏ်ရာရရှိထားခြင်းကြောင့် အာဆင်နယ်အသင်းနှင့် ပွဲထွက်ကစားနိုင်လိမ့်မည်မဟုတ်ဘဲ သုံးလကြာအနားယူရမည်ဖြစ်ကြောင်း သိရသည်။ **[နိုင်လင်းကြည်]**


















# ကားသုံးစီး ဆင့်ကဲတိုက်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အလုံလမ်းအောက်ပိုင်း ဇမ္ဗူ့ရတနာဘုန်းတော်ကြီးကျောင်းနှင့် အလုံ (ပြန်/ဆက်)ရုံးရှေ့၌ နိုဝင်ဘာ ၂၅ ရက် ညနေ ၆ နာရီခွဲတွင် ယာဉ်သုံးစီးဆင့်ကာတိုက်မှု ဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

# မလွှကုန်းဘူတာမှာပြင်စရာ



**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့တွင်း၌ ပြေးဆွဲနေသော မြို့ပတ်မီးရထားလမ်းကြောင်းပေါ်ရှိ ဘူတာတိုင်းတွင် ခရီးသည်များ နားနေစောင့်ဆိုင်းရန် အမိုးပါရှိသော ပလက်ဖောင်းစင်္ကြံများကို တည်ဆောက်ပေးထားသည်။ ယင်းတို့အနက် ရန်ကုန်-တိုးကြောင်ကလေးရထားလမ်းပိုင်းရှိ မလွှကုန်းဘူတာတွင် တည်ဆောက်ပေးထားသော အမိုးပါစင်္ကြံ၏ အလယ်ကောင်တည့်တည့်နေရာတွင် ရန်ကုန်မှလာသောရထားများအတွက် အချက်ပြမီးတိုင်အား စိုက်ထူထားပါသည်။ ရထားများ၏ သဘာဝမှာ ဘူတာတွင် ရပ်ပါက အချက်ပြမီးတိုင်မရောက်မီတွင် ရပ်နားရပါသည်။ ထို့ကြောင့် အမိုးမိုးထားသော စင်္ကြံနေရာတွင် စက်ခေါင်းတွဲနှင့် လူစီးတွဲတစ်တွဲသာရပ်နိုင်ပြီး ကျန်လူစီးတွဲများမှာ အမိုးမရှိသော ပလက်ဖောင်းစင်္ကြံတွင် ရပ်နေရပါသည်။ **(အပေါ်ယာပုံ)**

ထို့ကြောင့် အမိုးအောက်တွင် ရထားစောင့်ဆိုင်းနေသော ခရီးသည်များအနေဖြင့် ရထားဆိုက်လာပါက လူစီးတွဲများရှိရာ အနောက်ဘက်သို့ အပြေးအလွှားသွားရောက်ပြီး စီးနေရပါသည်။ မီးရထား၏ လုပ်ငန်းသဘာဝကို သဘောမပေါက်သော ခရီးသည်အချို့က ခရီးသည်များထံမရောက်မီ ရထားရပ်လိုက်သဖြင့် စက်ခေါင်းမောင်းကို မကျေမနပ်အပြစ်တင်ကြသည်ကိုလည်းတွေ့ရှိရပါသည်။ ထို့ကြောင့်မလွှကုန်းဘူတာရှိ ထိုအချက်ပြမီးတိုင်အား ရန်ကုန်-မင်္ဂလာဒုံလမ်းပိုင်းရှိ အချက်ပြမီးတိုင်နည်းတူ ရှေ့သို့ (တိုးကြောင်ကလေးဘူတာရှိရာဘက်သို့)ပေ ၂၀၀ ခန့်တိုးပြီး နေရာရွှေ့ပြောင်းစိုက်ထူပေးရန် ခရီးသည်များက လိုလားလျက်ရှိကြောင်း သိရသည်။

**(လင်းကိုကို)**

# တံတားမြို့တွင် မီးလောင်မှုဖြစ်ပွား

**ကျောက်တန်း နိုဝင်ဘာ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့အမှတ်(၂)ရပ်ကွက် ပိတောက်မြိုင်လမ်း အိမ်အမှတ် (၄၃၃)တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ရှင်ဖြစ်သူ ဦးစိန်လွင်သည် နိုဝင်ဘာ ၂၆ ရက် နံနက်အရုဏ်တက်ချိန်တွင် လယ်ကွင်းထဲသို့ စပါးရိတ်ထွက်သွားပြီး သားဖြစ်သူ မောင်မင်းမင်းထွေး(၁၃)နှစ်ခန့်ကို အိမ်စောင့်ထားခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် စတင်မီးလောင်ခဲ့ခြင်းဖြစ်သည်။ နာရီဝက်ခန့်လောင်ခဲ့ပြီး တစ်အိမ်လုံးမီးထဲပါသွားခဲ့သည်။ အိမ်မှာ ခနိမိုးထရံကာဖြစ်ပြီး မီးလောင်မှုနှင့်ပတ်သက်၍ စခန်းမှူးရဲအုပ်ထွန်းထွန်းဝေနှင့်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# ယာဉ်ကျော်တက်မောင်းနှင်ရာမှ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**လားရှိုး နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ ဟိုပိတ်ကျေးရွာအနီးမိုင်တိုင်အမှတ် (၁၈၄/၅နှင့်၆)အကြား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နိုဝင်ဘာ ၂၃ ရက် ညနေ ၅နာရီ ၁၅ မိနစ်ခန့်က သိန်းနီဘက်မှ လားရှိုးဘက်သို့ ယာဉ်မောင်းထွန်းမြင့် (၃၀)နှစ် ဟိုလီကျေးရွာ ကွန်လုံမြို့နေသူမောင်းနှင်လာသည့် ယာဉ်အမှတ် 1G/--- VIGOငွေမင်ရောင်သည် ယာဉ်မောင်း မင်းဇော် (၂၂)နှစ် စက်မှုလမ်း ရှမ်းရွာကြီး ကျောက်ဆည်မြို့နယ်နေသူ မောင်းနှင်၍ ယာဉ်နောက်လိုက် ကျော်သက်နိုင်(ခ) မောင်ဖိုးမောင် (၁၉)နှစ် ရှမ်းရွာကြီး ကျောက်ဆည်မြို့နယ်နေသူလိုက်ပါလာသည့် ယာဉ်အမှတ်5D/ ---Forton ခဲရောင် ခြောက်ဘီးယာဉ်ကို ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ခြောက်ဘီးယာဉ်၏နောက်ဝဲဘက်ပိုင်းအား ဝင်ရောက်ပွတ်တိုက်မိခဲ့ပြီး ခြောက်ဘီးယာဉ်မှာ လမ်း၏ယာဘက်သို့ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းထွန်းမြင့်တွင် နှာခေါင်းပွန်းပဲ့ ပေါက်ပြဲဒဏ်ရာ ဝဲ၊ယာလက်ခုံပေါက်ပြဲဒဏ်ရာ၊ ဝဲ၊ယာ လက်ဖျံပေါက်ပြဲ ဖူးရောင်ဒဏ်ရာနှင့် ယာမျက်လုံး ဖူးရောင်ဒဏ်ရာတို့ရရှိခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

"ဂုဏ်ယူဝမ်းမြောက်ခြင်း"
City Mart Holding Co.,Ltd
" Managing Director ဒေါ်ဝင်းဝင်းတင့် " သည်
(၈)ကြိမ်မြောက် ASEAN Business Awards
အခမ်းအနားတွင် အမျိုးသမီးခေါင်းဆောင်ထူးချွန်ဆု
( Women Leaders) အတွက်
နိုင်ငံအဆင့် ( National Winners ) ဆုနှင့်
ASEAN အဆင့် (ASEAN 1st Runner Up ) ဆုများအား
ထိုက်တန်စွာချီးမြှင့်ခံရခြင်းအတွက်
နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးတစ်ဦးအနေဖြင့်
အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
ဆက်လက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

BEAUTIFUL MEMORIES TRAVELS & TOURS

TOP STAR


BUSINESS PLUS TRAVEL & TOURS

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေး အလုပ်ရုံ ဆွေးနွေးပွဲ(၂)

ရန်ကုန်မြို့၏ အများပြည်သူသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် နိုဝင်ဘာလ(၁)ရက်နေ့က ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ဖော်ထုတ်ချက်များကို ယခုအခါ အကောင်အထည်ဖော်လျက်ရှိပါသည်။ ၎င်းအချက်များအနက် ဘတ်စ်ကား စနစ်များပြောင်းလဲရေးအတွက် အများပိုင်ကုမ္ပဏီထူထောင်ရေး၊ School Bus စနစ်၊ ကား Parking များ တည်ဆောက်ရေးနှင့် ဦးစားပေးလုပ်ဆောင်သင့်သည့်အချက်များတို့အတွက်ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များ၊ လက်ရှိအဆိုပါ လုပ်ငန်းလုပ်ကိုင်နေသူများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါသည်။

ပြုလုပ်မည့်နေရာ - UMFCCI ၊ မင်္ဂလာခန်းမ
ပြုလုပ်မည့်နေ့ရက် - ၂-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)
ပြုလုပ်မည့်အချိန် - နံနက် ၉း၃၀နာရီမှ ၁၂း၃၀နာရီ

ကြိုတင်စာရင်းပေးလိုပါက ဖုန်းနံပါတ် ၀၁-၃၇၈၇၉၈ နှင့် ၀၁-၂၃၀၁၂၁၁ သို့ ဆက်သွယ်ပါရန်။


A member of
SHWE TAUNG GROUP
Developed by
Shwe Taung Property
Shwe Taung Property
မိတ်ဆက်ပွဲ နှင့် အိမ်ရာအရောင်းပြပွဲ
GREAT SALE & DOUBLE CHANCE
Nov 30th @ Sedona Hotel Mandalay
WIN 15% OFF A PURCHASE &
WIN A BMW 5 SERIES
Public Show Time
Lucky Draw
iPhone 6 & iPad Mini 3
For Sale Enquiry,
01-2300077, 01-211430

# ယခုနှစ်ဖွင့်လှစ်သည့် မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းတွင် နိုင်ငံတစ်ဝန်းမှ သင်တန်းသား စုစုပေါင်း ၂၄၀ တက်ရောက်သင်ကြားလျက်ရှိ

**à crf;om(rdEm)**

မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းတွင် ယခုဖွင့်လှစ်ထားရှိသည့် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုသင်တန်း (၂ /၂၀၁၄) နှင့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအထူးသင်တန်း (၃/၂၀၁၄) တို့တွင် နိုင်ငံတစ်ဝန်းမှ သင်တန်းသား စုစုပေါင်း ၂၄၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

စက်မှုလယ်ယာလုပ်ငန်း ကူးပြောင်းရေးလုပ်ငန်းတွင်အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်း မောင်းနှင်မှုကျွမ်းကျင်လုပ်သားများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းမှ စဉ်ဆက်မပြတ် နှစ်စဉ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအတွက် ကျေးလက်ဒေသတွေ မှာ သမားရိုးကျ စိုက်ပျိုးရေးလုပ်ငန်းကနေ စက်မှုလယ်ယာလုပ်ငန်းကိုကူးပြောင်းပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်တယ်။ စက်မှုလယ်ယာလုပ်ငန်း ကူးပြောင်းတဲ့နေရာမှာလည်း လယ်ယာသုံး စက်ကိရိယာတွေကို ကောင်းစွာထိန်းသိမ်းပြုပြင်မောင်းနှင် တတ်တဲ့ကျွမ်းကျင်လုပ်သားတွေ လိုအပ်ပါတယ်။ အဲဒီလို ကျွမ်းကျင်လုပ်သားတွေကို မိတ္ထီလာ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းကနေ နှစ်စဉ်သင်တန်းများ ဖွင့်လှစ်ပြီး အခမဲ့လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းသားတွေအတွက် အရည်အချင်းသတ်မှတ်ချက်တော့ ရှိတယ်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများရဲ့ သားသမီးဖြစ်ရမယ်။ အခြေခံပညာ အလယ်တန်းအဆင့် ပညာအရည်အချင်းရှိရမယ်။ အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အတွင်းဖြစ်ရမယ်။ အဲဒီသုံးချက်နဲ့ ပြည့်စုံရင် နိုင်ငံတစ်ဝန်းက စက်မှုလယ်ယာစခန်းများက တစ်ဆင့် ဆက်သွယ်တက်ရောက်နိုင်ပါတယ်"ဟု မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစိုးစိုး (ဒုတိယညွှန်ကြားရေးမှူး)က ပြောသည်။

"ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(တောင်သူ) သင်တန်းကို တစ်နှစ်နှစ်ကြိမ်၊ လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းကို တစ်နှစ်သုံးကြိမ် ပုံမှန်ဖွင့်လှစ်နေပါတယ်။ သင်တန်းတစ်ခုကို သုံးလကြာ တက်ရောက်ကြရပါတယ်။ သင်တန်းအတွက် နေစရာအဆောင်၊ နေ့စဉ်စားသောက်မှု၊ သင်တန်းဝတ်စုံကအစ ဌာနကနေ အကုန်ကျခံပြီး သင်ကြားပေးတာပါ။ သင်တန်းသားများအတွက် အခမဲ့သင်ကြားပို့ချပေးတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

"တစ်ခါတစ်ရံ အသက် ၃၅ နှစ် ကျော် ၄၀ နှစ်က ၅၀ နှစ်အတွင်း တစ်ဦးတလေက လာရောက်ပြီး သင်တန်းတက်ချင်တယ်။ ကိုယ်ပိုင်တောင်ယာလုပ်ငန်းမှာ လယ်ယာသုံး စက်ကိရိယာတွေ ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်ထိန်းသိမ်းတတ်ချင်တယ်ဆိုပြီး သင်တန်းတက်ဖို့ အဆိုပြုရင် ဌာနကနေ ခွင့်ပြုပေးတာရှိတယ်"ဟု မိတ္ထီလာ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းမှ ဦးစီးအရာရှိ ဦးအောင်ဝင်းဆွေက ပြောကြားသည်။

စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းသို့ အခါအားလျော်စွာ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ ကမ္ဘောဒီးယား နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များမှ လာရောက်သင်တန်းပို့ချမှုရှိကြောင်းလည်းသိရသည်။

စက်မှုလယ်ယာလုပ်ငန်းတွင် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများ စနစ်တကျ မောင်းနှင်ထိန်းသိမ်းတတ်သည့် မျိုးဆက်သစ်တောင်သူလူငယ်များကို မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းမှ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည့်အပြင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်ရေး ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ဘားအံ၊ လှိုင်းဘွဲ၊ ဖာပွန်၊ သံတောင်ကြီးမြို့နယ်များမှ (မွေး၊ ရေ၊ ကျေးလက်) ဝန်ထမ်းများအား စုစည်း၍ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး (နည်းပြ)ဆင့်ပွားသင်တန်းကို ဘားအံခရိုင် ကျေးလက်ဦးစီးရုံးတွင် နိုဝင်ဘာ ၂၃ ရက်မှစ၍ဖွင့်လှစ်ပို့ချစဉ်။ (အဆိုပါသင်တန်းပြီးစီးပါက သက်ဆိုင်ရာမြို့နယ်များအတွင်းရှိ ကျေးရွာများမှ ကျေးလက်လူငယ်များအား အုပ်စုခွဲကာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ကွင်းဆင်းပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။) **(မြို့နယ်ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းဆောင်ရွက်

**မင်းလှ၊ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့၌ မီးဘေးအန္တရာယ် ကင်းရှင်းစေရေး အသိပညာပေးလုပ်ငန်းများကို မင်းလှမြို့ ဇေယျာသီရိ မြို့မဈေးအတွင်း၌ နိုဝင်ဘာ ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် ဝန်ထမ်းများ၊ ဈေးမိဈေးဖများ စုပေါင်းပြီး ဆိုင်ခန်းများအား လိုက်လံအသိပေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ စစ်ဆေးဆောင်ရွက် အသိပညာပေးရာတွင် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိက ဆိုင်ခန်းရှင်များအား အမှိုက်သရိုက်များ ကင်းရှင်းရေးအတွက် ဈေးသူ ဈေးသားများက ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ဆိုင်ခန်းများတွင် ထားရှိသည့် မီးသတ်ဆေးဘူးများအား ဆေးရည်အပြည့်ထားရှိဆောင်ရွက်ထားကြရန်၊ ဈေးကြီးအတွင်းရှိ ဆိုင်ခန်းများ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများ အဆင်သင့်ထားရှိရန် လိုအပ်ကြောင်းတို့ကို အသိပညာပေး ပြောကြားခဲ့သည်။

**ဝါလေး(အထက်မင်းလှ)**

## မြေယာကျူးကျော်မှုခင်းများမဖြစ်စေရန် ပညာပေးဟောပြော

**မြန်အောင်၊ နိုဝင်ဘာ ၂၆**

မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှ မြေယာကျူးကျော်မှုခင်းများ မဖြစ်ပွားစေရန်အတွက် ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၃ ရက်က မြန်အောင်မြို့ အမှတ်(၆) ရပ်ကွက်တွင် ကျင်းပရာ မြန်အောင် မြို့မရဲစခန်းမှူး၊ ဒုရဲမှူး မောင်မောင်တာက ဧရာဝတီမြစ်အတွင်းမြေနုကျွန်းများ ပေါ်ပေါက်လာချိန်တွင် မြေယာကျူးကျော် မှုခင်းများ ဖြစ်ပွားမှုမရှိစေရန် မြေနုကျွန်းတောင်သူများကို မြေနုကျွန်းများနှင့် ပတ်သက်သည့် ဥပဒေရေးရာများကို အသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။ **ဝင်းဗိုလ်(မြန်အောင်)**

## ဒစ်ဂျစ်တယ်စာကြည့်တိုက်ဖွင့်

**နောင်ချို၊ နိုဝင်ဘာ ၂၆**

နောင်ချိုမြို့နယ် သဖန်းကိုင်းကျေးရွာ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းဦးစီးပဓာန နာယကဆရာတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒစ်ဂျစ်တယ်စာကြည့်တိုက် စက်တပ်ဆင်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉နာရီခွဲက အဆိုပါ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်သန်းသန်းထွေးက စက်တပ်ဆင်ခြင်း၊ အကျိုးသက်ရောက်မှုများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးဗျည်းစောဟန်မှ(PDLS) စက်ကိုခလုတ်နှိပ်ဖွင့်လှစ်ပေးကာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစောနောင်က စက်အသုံးပြုပုံလမ်းညွှန်ဗီနိုင်းပိုစတာကို ချိတ်ဆွဲစိုက်ထူပေးကြောင်းသိရသည်။ **စိုးဝင်း(နောင်ချို)**

### ကြော်ငြာစာ


မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ ဦးပိုင်(၉၆)၊ ၇၀×၆၉၊ ငုရွှေဝါလမ်း× ဇလပ်ဝါရှိ ဦးမျိုးမြင့် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးမျိုးမြင့်ကျော်[၉/မရတ(နိုင်)၀၁၁၂၉၂]နှင့် ဒေါ်မေနွယ်အေးသန်းဝင်း[၉/မရတ(နိုင်)၀၃၁၈၄၁]တို့မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၀)၊ ဦးပိုင်အမှတ်(၃၇)ခဲစင်း၊ ၃၀×၃၁ကြား၊ ၉၀×၉၁ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သောခင်ပွန်းဖြစ်သူ ဦးအောင်ကြည်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၅၄၂၇/၂၀၁၁)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်တင်ကြည်[၉/မနတ(နိုင်)၀၄၈၉၇၂]မှ ဒေါ်မိုးမိုးသန်းအားပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-B)၊ မြေကွက်အမှတ် ပဥ္စမတန်းစား-၅၄၁၊ မြေကွက်တည်နေရာ အမှတ်(၅)၊ (၁၁၈)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ (သိမ်ဖြူတိုက်နယ်စားသုံးသူ သမဝါယမအသင်းလီမိတက်)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား ရာဇာဘွားဆောက်လုပ်ရေးနှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမ အသင်းလီမိတက်ဥက္ကဋ္ဌ ဦးဌေးဝင်းမှ သမဝါယမဝန်ကြီးဌာန၊ သမဝါယမညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ၊ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိ၊ ကျမ်းကျိန်လွှာနှင့်သမဝါယမ အသင်းစုလီမိတက်အမှုဆောင်အဖွဲ့၏ အစည်းအဝေးမှတ်တမ်း သမဝါယမအသင်းမှတ်ပုံတင်လက်မှတ်တို့ တင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၄၂၉)၊ မြေကွက်တည်နေရာအမှတ်(၄၂၉)၊ (၇၇)ရပ်ကွက် ဒဂုံဆိပ်ကမ်း၊ ဦးသက်ထွန်း[၁၂/ဥကမ(နိုင်)၁၁၇၂၃၈]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသက်ထွန်း[၁၂/ဥကမ(နိုင်)၁၁၇၂၃၈]ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၅၆၉)၊ မြေကွက်တည်နေရာအမှတ်(၁၅၆၉)၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် ဦးခင်ကျော်ညို အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်ကျော်ညိုထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးအေးသိန်း[၁၂/ဥကတ(နိုင်)၀၆၁၀၀၈]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





### မြေချပါမစ်မူရင်းအားပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၇၈/ခ)၊ မြေကွက်တည်နေရာ အမှတ်-၇၇၈/ခ၊ ရောဝတီလမ်း၊ ဒလမြို့နယ်၊ ဦးသန်းထွန်းအမည်ပေါက် မြေချပါမစ်အား အမည်ပေါက် ဦးသန်းထွန်းထံမှ ၅-၁-၂၀၀၈ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမင်းသန့်[၁၂/သကတ(နိုင်)၁၂၂၁၈၇]မှ မြေချပါမစ်နှင့် အရပ်ကတိစာချုပ်တို့ပျောက်ဆုံးကြောင်းတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန် သစ်လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးသန်းထွန်းအမည်ပေါက် မြေချပါမစ်(မူရင်း)အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# တိုးတက်ခေတ်မီသော စိုက်ပျိုးရေးစနစ်များနှင့် ပေါင်းစပ်၍ သီးနှံအထွက်နှုန်း တိုးတက်စေရန် ရေသွယ်မြောင်းများပြုပြင်၍ မြစ်ရေတင်လုပ်ငန်း များဆောင်ရွက်

**မန္တလေး၊ နိုဝင်ဘာ ၂၆**

တိုးတက်ခေတ်မီသော စိုက်ပျိုးရေးစနစ်များနှင့် ပေါင်းစပ်၍ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆည်မြောင်းဦးစီးဌာနမှ ရေသွယ်မြောင်းများပြုပြင်ကာ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

တောင်သူများ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝ မြင့်မားစေရန် စိုက်ကွင်းများအတွက် လိုအပ်သောရေကို အသုံးပြုလိုသည့်အချိန်နှင့် အချိန်ကိုက် လိုအပ်သည့် ပမာဏပေးဝေနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရေသွယ်မြောင်းများ၊ ရေပေးမြောင်းများနှင့် ရေထိန်းအဆောက်အအုံများကို ပြုပြင်ဆောင်ရွက်ကာ တောင်သူများ စိုက်ပျိုးသည့် စိုက်ပျိုးမြေဧကများသို့ စိုက်ပျိုးရေလွှမ်းခြုံနိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြစ်သည်။

စဉ့်ကိုင်မြို့နယ်ရှိ စိုက်ပျိုးမြေအများစုသည် ဇော်ဂျီဆည်ရေသောက်စနစ်ဖြစ်ပြီး ယခင်က ရေပေးဝေရေးဧက ၄၄၈၂၅ ရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၅၆၁၅ ဧကရှိပြီး ထိုစိုက်ပျိုးမြေ ၃၅၆၁၅ ဧကအား ရေပေးဝေရာတွင် ဇော်ဂျီမြစ်မှ ဆည်သုံးဆည်ဖြင့် ပလိပ်မြောင်း၊ မြောင်းဆုံမြောင်း၊ မင်းရဲမြောင်း၊ တမုတ်မြောင်း၊ သင်းတွဲမြောင်း စသည့် မြောင်းငါးမြောင်းဖြင့် ရေသွယ်ကာရေပေးမြောင်းများဖြင့် ပေးဝေလျက်ရှိသည်။

စိုက်ပျိုးမြေဧကများအားလုံး အပြည့်အဝစိုက်ပျိုးရေလွှမ်းခြုံနိုင်ရေးအတွက် ရေသွယ်မြောင်းများ၊ ရေပေးမြောင်းများနှင့် ရေလှောင်ကန်များကို နှစ်စဉ်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ခမောက်လက်တန်မြောင်း၊ နတ်သူရဲမြောင်း၊ နွားထိန်းလက်တန်မြောင်း၊ မအူမြောင်း၊ ဘော်လက်တန်မြောင်း၊ သည်တည်းမြောင်း၊ ကသဲကုန်းမြောင်းတို့အား စက်ယန္တရားများဖြင့် မြောင်းပုံစံတကျ ပြန်လည်တူးဖော်ခဲ့သည်။

ထို့ပြင် မြောင်းဆုံမြောင်းနှင့် ပလိပ်မြောင်းတို့တွင် ရေကျအဆောက်အအုံ ပြန်လည်ပြုပြင်ခြင်းနှင့် အထွက်ပိုင်းတွင် ကျောက်စီခြင်း၊ မြောင်းဆုံမြောင်းတွင် ထိန်းချုပ်ရေတံခါးငါးခု တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး စွန်ရဲကန်နှင့် မင်းလှကန်တို့ကို ပြန်လည်တူးဖော်ခဲ့သည်။

စိုက်ပျိုးရေများအဖြစ် အသုံးပြုပြီး ပိုလျှံရေများကို ပြန်လည်အသုံးပြုနိုင်ရန်အတွက် ယင်းငိုရိုးကို ရေထိန်းတည်ဆောက်ကာ စိုက်ပျိုးမြေဧက ၃၅၀ ခန့်ကို စိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ရန်အတွက် ဆောင်ရွက်ခဲ့သည့်အပြင် နှစ်ကာလကြာမြင့်လာ၍ ပျက်စီးယိုယွင်းကာ အသုံးပြု၍မရတော့သည့် မင်းရဲမြောင်းမှ သွယ်တန်းသည့် တံခွန်တိုင်ရေသွယ်လျှောက်နှင့် ထန်းငုတ်တိုရေသွယ်လျှောက်များကို ကွန်ကရစ်ရေသွယ်လျှောက်များအဖြစ် အခိုင်အမာတည်ဆောက်ပေးခဲ့မှုကြောင့် စိုက်ပျိုးမြေဧကများ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကာ တောင်သူများ ယခင်ထက် ဝင်ငွေပိုမိုများပြားခဲ့သည်။

ဆည်ရေသောက်စနစ်နှင့် စိုက်ပျိုး၍မရသောလယ်မြေများ စိုက်ပျိုးနိုင်ရန်အတွက်လည်း ဒုဋ္ဌဝတီမြစ်ရေဖြင့် ရွှေလုံဗိုလ်မြစ်ရေတင်လုပ်ငန်းများမှ စိုက်ပျိုးရေများပေးဝေ၍ ထီးတော်မိုး မြစ်ရေတင်လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ **မောင်ပြည်သူ(မန္တလေး)**

# ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့သို့ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်း ဆေးကုသ၍ကျန်းမာရေးပညာပေးဟောပြော

**ပေါင်းတည်၊ နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အထူးကုဆရာဝန်ကြီးများက အခမဲ့ကွင်းဆင်းကုသမှုနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ပေါင်းတည်မြို့နယ် မြို့နယ်ဆေးရုံအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းကုသပေးခြင်းအတွက် မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်အေးအေးမိုး ဦးဆောင်၍ အထူးကုသမားတော်ကြီးများပါဝင်သော အဖွဲ့ဝင် ၅၅ ဦးတို့က အထွေထွေရောဂါ၊ အရိုးအကြော၊ နားနှာခေါင်းလည်ချောင်း၊ အရေပြားရောဂါ၊ သွားနှင့်ခံတွင်း၊ ကလေးအထူးကု၊ သားဖွားမီးယပ်နှင့် မျက်စိရောဂါများအပြင် ခွဲစိတ်ခြင်းတို့အား စစ်ဆေးကြည့်ရှုကုသပေးခဲ့သည်။ ပေါင်းတည်မြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာများမှ လာရောက်ပြသသူ ၆၄၆ ဦးအား အခမဲ့ဆေးကုသပေးပြီး ဆေးဝါးပစ္စည်းများကိုပါ တစ်ပါတည်း ပေးအပ်ခဲ့သည်။

အခမဲ့ကွင်းဆင်းဆေးကုသမှုအား ပြည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ဌာနဆိုင်ရာများ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပညာရေးနှင့် ကျန်းမာရေးကော်မတီဝင် ဦးအောင်နိုင်ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြိုးဖြိုးညွှန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက လာရောက်ဆေးကုသမှုခံယူသူများအား လိုက်လံကြည့်ရှုကာ ကူညီဆောင်ရွက်ပေးကြသည်။



ကျန်းမာရေးပညာပေး ဟောပြောပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်းနှင့် တာဝန်ရှိသူများက ဟောပြောကြပြီး အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ပြည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းက ကျပ်တစ်သိန်းအား ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်းထံသို့ လှူဒါန်းခဲ့သည်။

လာရောက်ပြသသည့် ဝက်မြေလူးရွာမှ ဦးကျော်ဝင်းက "ပြည်မြို့မှာရှိတဲ့ အထူးကုသမားတော်ကြီးတွေကို သွားရောက်ပြသမယ်ဆိုရင် အဖော်ပါခေါ်ရမယ်။ ခရီးစရိတ်နဲ့ စားစရိတ်ပါဆိုရင် အနည်းဆုံးငွေကျပ် ၁၅၀၀၀ ကုန်ကျတယ်။ အခုလို ပေါင်းတည်မြို့မှာ အခမဲ့ကွင်းဆင်းဆေးကုသမှုနဲ့ ပညာပေးဟောပြောပေးတဲ့အတွက် ကုန်ကျမှုသက်သာပြီး ကျန်းမာရေးဗဟုသုတများပါ ရရှိလို့ အထူးဝမ်းမြောက်ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **တင်ဝင်းဇော်**


# ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မိုးစပါး စံကွက်များ အောင်မြင်စွာရိတ်သိမ်း

**ဟင်္သာတ၊ နိုဝင်ဘာ ၂၆**


ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် မြို့နယ်မိုးစပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် ကျုံတုံးကျေးရွာအုပ်စု ကွင်းအမှတ် ၁၃၉၁၊ ဦးပိုင်အမှတ် ၁၁၃/၂ ရှိ လယ်သမားကြီးဦးဝင်းအောင်၏ လယ်မြေတွင် ပြုလုပ်ခဲ့ရာ ရွှေဝါထွန်း(ကောင်း) အခြောက်ထွက် တစ်ဧက ၉၃ ဒသမ ၉၁ တင်း ထွက်ရှိခဲ့သည်။

အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းအခမ်းအနားတွင် ဦးစီးအရာရှိ ဦးဇော်မင်းနိုင်က တောင်သူများအနေဖြင့် ထွန်ယက်ချိန်မှ ရိတ်သိမ်းပြီးချိန်အထိ မျိုးကောင်းမျိုးသန့် အထွက်နှုန်းကောင်းစပါးနှင့် ခေတ်မီနည်းစနစ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုလို အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာခြင်းဖြစ်ကြောင်းတို့ကို တက်ရောက်လာသူများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များ၊ ဦးစီးမှူးဦးခင်မောင်ဌေးနှင့် လက်ထောက်ဦးစီးများ၊ နယ်မြေ မြေတိုင်းစာရေးများ၊ စိုက်ပျိုးရေးဌာနဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဟင်္သာတခရိုင်(ပြန်/ဆက်)**





**ဖခင်အမည်မှန်**

အမက(၃၁)၊ မြောက်ဥက္ကလာပမြို့နယ်၊ စတုတ္ထတန်း(က)မှ မောင်ဝဏ္ဏထွန်း၏ ဖခင်အမည်မှန်မှာ ဦးလွင်ဦးဖြစ်ပါကြောင်း။

ဦးလွင်ဦး[၁၂/ဥကမ(နိုင်)၂၁၈၃၉၉]



**အဆောက်အအုံ(ဂိုဒေါင်)ငှားရန်ရှိသည်**

ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာ။

1 Sqft (12000), Transformer 315 KVA ပါရှိသည်။

2 Sqft (14000), Transformer 315 KVA ပါရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၅၁၁၆၁၊ ၀၉-၇၉၉၆၃၀၅၆၇

**မသက်ဆိုင်ပါ**

ရန်ကုန်မြို့၊ သယ်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ နဝရတ်လမ်း၊ တိုက်(၁၂)၊ အခန်း(၄၀၅)နေ ဦးတင်ရွှေ-ဒေါ်ညွန့်တင်တို့၏မြေးဖြစ်သူ မထက်ဝေဖြိုး[၁၂/မဘန(နိုင်)၁၃၉၄၉၃] အဖ (ဦးအောင်ကျော်မိုး) သည် အုပ်ထိန်းသူတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် နောက်နောင်ငင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မသက်ဆိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်ရွှေ-ဒေါ်ညွန့်

**သမီးအဖြစ်မှစွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပ.လ.ရ အပိုင် အမှတ် (၈-အေ) ဦးထန်သန်းဦး၏ သမီးဖြစ်သူ မခင်စုလှိုင်[၁၂/ဒဂန(နိုင်)၀၂၉၈၁၉]သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ တာဝန်မယူကြောင်း ကြော်ငြာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးထန်သန်းဦး[၁၂/မရက(နိုင်)၀၀၅၅၈၁]

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်မ၏သား မောင်ကိုကိုဇင်[၇/ပခန(နိုင်)၁၈၉၉၁၇]သည် မိဘတို့၏ ဆုံးမမှုကိုလိုက်နာခြင်းမရှိသည့်အပြင် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ရှိနေပါ၍ ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ရင်နု [၇/ပခန(နိုင်)၁၇၇၆၄၄]
(၃/၇)ရပ်ကွက်၊ ဗထူးလမ်းဇုန်၊
ဥဿာမြို့သစ်၊ ပဲခူးမြို့


**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)**
**ရန်ကုန်တောင်ပိုင်းခရိုင်နယ်တရားမရုံး၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၁၂**

ဒေါ်ခင်မာအေး နှင့် ဦးအိုက်ပန်
(တရားလို) (တရားပြိုင်)

(ယခင်)အမှတ်-၂၇၊ ကျန်စစ်သားလမ်း၊ ကျိုက်ဗောဓိတောင်၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ဦးအိုက်ပန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၈ရက် (၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး
တောင်ပိုင်းခရိုင်တရားရုံး

# မကွေးဈေးကွက်သို့ ပင်းချောင်းဒေသထွက် ထန်းမြစ်များဝင်ရောက်

**ရေနံချောင်း၊ နိုဝင်ဘာ ၂၆**

မကွေးမြို့ရှိ ရန်ပယ်ဈေးသို့ ရေနံချောင်းမြို့နယ် ပင်းချောင်းဒေသထွက် ထန်းမြစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ထန်းမြစ်များကို သပြေမြစ်ဟုလည်း အညာကျေးလက်ဒေသများတွင် ခေါ်ဝေါ်ကြပြီး မြန်မာလူမျိုးများသည် ရှေးဘိုးဘွားများလက်ထက်ကတည်းက ဆောင်းတွင်းသရေစာအဖြစ် ပြုတ်၍လည်းကောင်း၊ မီးဖုတ်၍လည်းကောင်း နှမ်းဆီစစ်စစ်ကလေးဖြင့်တို့၍ စားသုံးကြသည့် အစားအစာတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုဝင်လာသော ထန်းမြစ်များသည် ရေနံချောင်းမြို့ ပင်းချောင်းရိုးဘေးရှိ ဥသျှစ်ကုန်း၊ ကုန်းကန်နှင့် နတ်ကန်ကျေးရွာများမှ ထွက်ရှိကြပြီး အခြားသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

"ဝါဆို၊ ဝါခေါင်ဆိုရင် ထန်းသီးမှည့်ချိန်၊ ဝါခေါင်လပြည့်ကျော်လောက်မှာ ထန်းသီးခွဲ၊ ဘေးသားကိုခုတ် စင်းပြီး အဖတ်ကို နွားကျွေးကြတယ်။ ထန်းသီးစေ့ကိုတော့ နှစ်ရက်သုံးရက်နေလှန်း၊ ထန်းသီးစေ့မှည့်ပြီး ရင့်မှ ထန်းမြစ်ထွက်တယ်။ ဝါးလို့မရအောင် ရင့်ထော်နေမှ စိုက်လို့ရတယ်။ ပင်းချောင်းထဲမှာ ထယ်ထိုးပြီး ထန်းစေ့တွေပုံ၊ ပုံပြီးရင်ဖြန့်၊ ဖြန့်ပြီးမှ အပေါ်ကသဲထပ်ဖုံး၊ ဘေးမှာမြောင်းဖော်၊ ရေဝလာရင် အညှောင့်ထွက်လာ၊ တန်ဆောင်မုန်းလဆန်းရင် ဖော်လို့ရပြီ။"

ဂေါ်နဲ့ထိုးပြီးဖော်ရတယ်။ ဖော်ပြီးရင် အိမ်ကို လှည်းနှစ်စီးသုံးစီးနဲ့ သယ်ရတယ်။ အိမ်ရောက်တဲ့အခါ အစေ့တန်းလန်းပါလာတဲ့အတွက် ဓားနဲ့ဖြတ်ရတယ်။ လုပ်ရတာ တော်တော်လက်ဝင်ပါတယ်။ ပြီးတော့ ထန်းမြစ်တွေကို ၅၀၀ စည်း တစ်စည်းရတယ်။ ပြီးတော့ ဈေးကွက်ပို့ရတယ်။ ဈေးကျတော့ လက်လီဖောက်သည်တွေကို ၁၀ ချောင်းတစ်စည်း ငွေကျပ် ၂၀၀ နဲ့ ဖြန့်တယ်" ဟု ဥသျှစ်ကုန်းရွာသား ကိုနန်းအောင်က ရှင်းပြသည်။

ထန်းစေ့တစ်စေ့လျှင် ထန်းမြစ်တစ်ချောင်းသာထွက်ပြီး ထန်းစိုက်တောင်သူတစ်ဦးလျှင် ထန်းစေ့ပေါင်း ၁၀၀၀၀ ကျော် စိုက်ကြသည်။ ကျေးလက်နေတောင်သူများအတွက် ထန်းမြစ်စိုက်ပျိုးမှုသည် ဆောင်းရာသီတွင် ဝင်ငွေရသော အလုပ်တစ်ခုဖြစ်သည်။

နတ်တော်လပြည့်ကျော်သွားလျှင် ထန်းမြစ်ထွက်သည့်ရာသီချိန်ကုန်ဆုံးသွားပြီး ထန်းမြစ်များရှားပါးသွားသည်။ ထန်းပင်မှာ အသုံးဝင်မှုများပြားလှပြီး ထန်းလုံးပင်စည်ကို အိမ်ဆောက်ရန်တိုင်အဖြစ် အသုံးပြုနိုင်သည်။ ထန်းရွက်များကို အမိုးအဖြစ်သုံးနိုင်သည်။ ထန်းလက်မှ လျှော်ထုတ်၍ ထန်းလျှော်အဖြစ် သုံးနိုင်သည်။

ထန်းသီးဆန်နုနုကလေးများကို သရေစာအဖြစ်ထုတ်၍ ရောင်းလျှင် ဝင်ငွေရပြန်သည်။ ထန်းသီးအမှည့်ရင့်ရင့်များကို ထန်းမြစ်အဖြစ်ထုတ်၍ ဝင်ငွေရနိုင်သည်။ ထန်းရည်ချိုကို ထန်းလျက်ချက်၍ရောင်းလျှင် ဝင်ငွေရကြောင်း ထန်းစိုက်တောင်သူ ကိုနန်းအောင်က ဆက်လက်ရှင်းပြသည်။

မကွေးဈေးကွက်သို့ဝင်လာသော ထန်းမြစ်များကို ဖောက်သည်များက ဝယ်ကြသဖြင့်ဝင်သမျှ နံနက်ပိုင်းတွင်ပင် ကုန်သွားကြောင်း သိရသည်။

**မကွေးလှမြင့်**



# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်သမားများအတွက် စပါးအခြောက်ခံစက်များအား သရုပ်ပြ ရှင်းလင်း

**ကျောက်တံခါး၊ နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့ စက်မှုလယ်ယာဦးစီးဌာန၏ ထွန်စက်စခန်းတွင် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကူညီပံ့ပိုးသည့် စပါးအခြောက်ခံစက်ကို တောင်သူလယ်သမားများနှင့် ဆန်စက်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအား သရုပ်ပြရှင်းလင်းပွဲနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ စပါးအခြောက်ခံစက် သရုပ်ပြရှင်းလင်းတွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် ဒုညွှန်မှူးများ၊ စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမြင့်၊ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ တောင်သူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အဆိုပါ တွေ့ဆုံသရုပ်ပြရှင်းလင်းပွဲနှင့် ပတ်သက်ပြီး ယခုအခါ နိုင်ငံတော်သမ္မတကြီးက ဒေသခံပြည်သူများ၏ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကူညီပံ့ပိုးသည့် ယခုစပါးအခြောက်ခံစက်သည် စပါးအစိုများကို တစ်နေ့လျှင်စပါး ၁၂၀၀ တင်းအထိ အခြောက်ခံနိုင်ပြီး မိုးလုံလေလုံတွင် လွယ်ကူစွာဆောင်ရွက်နိုင်ကြောင်း၊ ဖွဲဘွိုင်လာဖြင့်အပူပေး၍ စပါးအခြောက်ခံခြင်းဖြစ်ပြီး တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ လွယ်ကူစွာအချိန်တိုအတွင်း လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း သရုပ်ပြရှင်းလင်းခဲ့သည်။

ယင်းနောက် တက်ရောက်လာသောတောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ ကျောက်တံခါးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်လယ်မြေများ ကာကွယ်မှုပေးနိုင်ခြင်း၊ တိမ်ကောသော ချောင်းမြောင်းများ ပြန်လည်တူးဖော်နိုင်ရေး၊ ကမ်းပါးပြိုခြင်းကာကွယ်ပေးနိုင်ရေးတို့နှင့် လိုအပ်လျက်ရှိသော ဘက်ဟိုးအသေးတစ်စီးတို့အား ကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြချက်များအား ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ဆွေးနွေးရှင်းလင်းခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

# ငါန်းဇွန်မြို့၌ CB ဘဏ် ကိုယ်စားလှယ်ရုံးဖွင့်

**ငါန်းဇွန်၊ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ အမှတ်(၁)ရပ်ကွက် မြို့နယ်သမဝါယမဦးစီးဌာနရုံးတိုက်ခန်း သော်တာဆေးနှင့်စတိုးဆိုင်၌ ဒေသခံပြည်သူများ ငွေကြေးလည်ပတ်မှု ပိုမိုမြန်ဆန်စေရန် CB ဘဏ်ရုံးခွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက စတင်ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ငွေလွှဲ/ငွေထုတ်လုပ်ငန်းများကို နေ့စဉ် ပိတ်ရက်မရှိ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။


**သက်နောင်ဦး(ငါန်းဇွန်)**


# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသံချဲ့စက်များဖြင့် နှိုးဆော်သတိပေး


**ရန်ကုန်၊ နိုဝင်ဘာ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်အဆင့်တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်များ ရေးဆွဲလမ်းညွှန်မှာကြားချက်အရ အမှတ်(၁၆) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းဦးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အသံချဲ့စက်များအသုံးပြုလျက် မီးဘေးကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်လံကြေညာနှိုးဆော်အသိပေးခဲ့ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**








## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ချောင်းဆုံမြို့နယ်၊ ဒရယ်ကျေးရွာအုပ်စု၊ အမှတ်(၅) ရပ်ကွက်နေ ကျွန်တော် ဦးညွန့်ဦး၏ ဇနီး ဒေါ်သန်းသန်းမွန်[၁၀/ခဆန(နိုင်)၀၃၅၄၈၀]သည် မိမိသဘောဆန္ဒဖြင့် ၁၄-၂-၂၀၀၉ရက်နေ့မှစ၍ နေအိမ်မှ ဆင်းသွားခဲ့ပြီး သားသမီး(၂)ဦးအား ရက်စက်စွာ ထားရှိခဲ့မှုကြောင့် ၎င်းအား ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

ဦးညွန့်ဦး[၁၀/ခဆန(နိုင်)၀၃၆၀၈၂]

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ဦးသိန်းဝင်း[၁၂/ဥကမ(နိုင်)၀၉၉၁၇၅]နှင့် ကျွန်မဒေါ်မဉ္ဇူမြင့်[၁၂/ရပသ(နိုင်)၀၀၃၈၆၄]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင် တော့ပါသဖြင့် ၂-၁၁-၂၀၁၄ရက်နေ့၌ နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းနိုင်ပါသည်)

ဒေါ်မဉ္ဇူမြင့် [၁၂/ရပသ(နိုင်)၀၀၃၈၆၄]

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ပုလဲ(၂)၊ မဟာဗန္ဓုလလမ်းနေ ကျွန်တော်ဦးရဲဝဏ္ဏဦး မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၁၄၅၇၉၃]၏ ဇနီးဒေါ်ခင်ဇာနည်သိန်း မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၁၉၀၄၁၅]သည် ခင်ပွန်းယောကျ်ားအပေါ် လျစ်လျူရှုပြီး ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားခဲ့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်တော်နှင့်မသက်ဆိုင်ကြောင်း၊ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရဲဝဏ္ဏဦး
[၁၂/အစန(နိုင်)၁၄၅၇၉၃]

# မိတ္ထီလာမြို့ ကျေးလက်ဒေသ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် သောက်သုံးရေဖူလုံ

**မိတ္ထီလာ၊ နိုဝင်ဘာ ၂၆**

မိတ္ထီလာမြို့နယ်တွင် ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၆၀၅ ဒသမ ၉၈၄ သန်းဖြင့် မြေသားကန်များ ပြန်လည်ဆောင်ရွက်ခဲ့သည့်အတွက် ဒေသခံကျေးရွာများမှ ကျွဲ၊ နွား၊ ဆိတ်စသည့် တိရစ္ဆာန်များနှင့် လူများအတွက် သောက်သုံးရေ အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် မိတ္ထီလာမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာဖူလုံပြည့်ဝရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်ရှစ်ရပ်ချမှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်း၍ Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်များချမှတ်၍ သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် လူထုအခြေပြု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာ ဘုံအိုး၊ ကံကောင်း၊ ဖက်တော၊ ကြာပေါက်၊ ဝက်ကျောက်၊ ကျောက်ပုံကန်၊ ငွေတောက်ကန်၊ ဆပ်ပြာကျင်း၊ လိန်တော၊ ကျောက်ပုံ၊ ပျော်ဘွယ်၊ စည်ပင်သာ၊ မြင်တော်ကန်၊ ဆူးဖြူကွက်၊ ပျော်ကုန်း၊ လျှော်ဖြူကန်၊ ရွာသစ်၊ မကျီးတန်း၊ ကန်သာ၊ သဖန်းပင်ရိုး၊ ညောင်ပင်သာနှင့် ကောင်းမှုကန်ကျေးရွာတို့တွင် သောက်သုံးရေအတွက် မြေသားကန်များ တူးဖော်ဆောင်ရွက်ပေးခဲ့သည့်အတွက် ယင်းကျေးရွာဒေသခံများမှာ သောက်သုံးရေ အဆင်ပြေလျက်ရှိကြောင်း ဒေသခံများကပြောသည်။

ယင်းအပြင် သောက်သုံးရေ အခက်အခဲကြုံတွေ့နေသည့် ဂါတ်ကုန်း၊ ကြွယ်ကန်ကျေးရွာနှင့် အောင်သာကျေးရွာတို့တွင် နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်ပေးခဲ့ပြီး အုံတုံးကျေးရွာ၊ ထန်းတောကျေးရွာနှင့် ငွေ့အိုင်ကျေးရွာတို့တွင် အုတ်ကန်များ ဆောင်ရွက်ပေးခဲ့သည်။

ယင်းအပြင် ဒေသခံများ သွားလာရာတွင် လွယ်ကူစေရန် အရှည်လေးမိုင်ရှိ မိတ္ထီလာ-သဖန်းလမ်းအား ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း၊ နှစ်မိုင်အရှည်ရှိ အောင်ချမ်းသာရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်းနှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ၃၂၃/၇ မှ ၃၂၅/၁ ကြားတွင် ကျောက်ကြီးစီ ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကြောင့် ဒေသခံများ ကုန်စည်ပို့ဆောင်ရောင်းဝယ်ရာတွင် အဆင်ပြေလျက်ရှိသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် လျှပ်စစ်မီးသွယ်တန်းရန် အခက်အခဲ ကြုံတွေ့နေရသည့် စည်ပင်သာကျေးရွာနှင့် ဥယျာဉ်ကျေးရွာတို့တွင် ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ခဲ့သည့်အတွက် ဆိုလာမီးကြောင့် ကျေးရွာလုံးကျွတ်မီးလင်းခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၁၈၅ ဒသမ ၉၂၀ သန်း အကုန်အကျခံ၍ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်သောက်သုံးရေရရှိရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေးအတွက် လုပ်ငန်းပေါင်း ၃၆ မျိုးကို ဆောင်ရွက်လျက်ရှိသည်။

ဒေသခံပြည်သူများအနေဖြင့် ကျေးလက်လူငယ်များဖွဲ့စည်း၍ ယင်းတို့အား ရပ်ရွာဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မိမိတို့ရပ်ရွာ၏ စိုက်ပျိုးမွေးမြူရေး လိုအပ်ချက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အတွက် ကျေးလက်ဒေသများမှာ ပညာရေး၊ ကျန်းမာရေး အထောက်အကူပစ္စည်းများ၊ ဆိုလာစနစ်မီးများကြောင့် မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## တရားစီရင်ရေးရာ လုပ်ငန်းဆောင်ရွက်မှုများ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးစစ်ဆေး



**ရန်ကုန်၊ နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်သည် မြောက်ပိုင်းခရိုင်တရားသူကြီး ဒေါ်တင်မြလိုက်ပါ၍ နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တရားရုံး တရားစီရင်ရေးရာလုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေး၍ အမှုများအား ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စီရင်ဆောင်ရွက်ရန်၊ မြို့နယ်တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများအား အရည်အချင်းတိုးတက်မြင့်မားရေး ကြိုးစားဆောင်ရွက်ရန်၊ ပြည်သူများ ယုံကြည်အားထားသည့် တရားစီရင်ရေးစနစ် အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **(၆၈၄)**

## ကျန်းမာရေးဆိုင်ရာအခြေခံသဘောတရားနှင့် သင်ကြားရေးနည်းလမ်းများဆိုင်ရာ ဆရာဖြစ်သင်တန်းဆင်း

**ဂန့်ဂေါ၊ နိုဝင်ဘာ ၂၆**

ကျန်းမာရေးဆိုင်ရာ အခြေခံသဘောတရားနှင့် သင်ကြားရေးနည်းလမ်းများဆိုင်ရာ ဆရာဖြစ်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦး၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေးစီမံကိန်းဌာန ကျန်းမာရေးပညာအရာရှိ ဒေါ်စမ်းစမ်းငွေးနှင့် ဒေါ်တင်တင်ငွေးတို့အဖွဲ့က ကျန်းမာရေးပညာ အခြေခံသဘောတရားနှင့် ပညာပေးနည်းလမ်းများ၊ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးမိခင်အား အရေးပေါ်အခြေအနေတွင် ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်း၊ မွေးကင်းစနှင့် အသက်ငါးနှစ်အောက်ကလေးများ ပြုစုစောင့်ရှောက်ခြင်း စသည့်ဘာသာရပ်များကို ပို့ချဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆရာဖြစ်သင်တန်းသို့ ကျန်းမာရေးဝန်ထမ်း ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၄၆၅)**

## ကလေးဗဟိုပြု ချဉ်းကပ်နည်းနှင့် စာမေးပွဲ စစ်ဆေးရေးဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားဆွေးနွေး

**ကနီ၊ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျောင်းအုပ်စုခုနစ် အုပ်စုမှ ဆရာ၊ ဆရာမများက ကလေးဗဟိုပြု ချဉ်းကပ်သင်ယူနည်း (CCA) နှင့် စတုတ္ထတန်းစာမေးပွဲစစ်ဆေးရေးဆိုင်ရာ ဘုတ်အဖွဲ့ ဆင့်ပွားဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက်က ကနီမြို့နယ် ထူးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်အဆင့် စတုတ္ထတန်းစာမေးပွဲစစ်ဆေးရေးဆိုင်ရာ ဘုတ်အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံများကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဗိုလ်တင့်လွင်က ရှင်းလင်းပြောကြားရာ တက်ရောက်လာသော ဆရာ၊ ဆရာမများက သိရှိလိုသည့်အချက်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အထက(၁)ကနီ၊ အမက(၂)၊ အမက(၃)၊ ထူးကျေးရွာ၊ ညောင်သူများကျေးရွာ၊ ခိုတွင်းကျေးရွာနှင့် ကင်းတောင်ကျေးရွာ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၄၅ ဦး တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## တပ်မတော်မှ လွှဲပြောင်းစွန့်လွှတ်ပေးသော ကရိန်းနော်အပန်းဖြေရိပ်သာမြေအား ပြန်လည်လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား၊ နိုဝင်ဘာ ၂၆**

တပ်မတော်မှ လွှဲပြောင်းစွန့်လွှတ်ပေးသော ကရိန်းနော်အပန်းဖြေရိပ်သာမြေအား လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ခရိုင်မြေအသုံးချစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးမှူး ဦးဇေယျာကျော်က ကရိန်းနော်အပန်းဖြေရိပ်သာမြေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးက ကရိန်းနော်အပန်းဖြေရိပ်သာ မြေဧက ၃ ဒသမ ၀၄ အား ပေးအပ်ရာ မူလမြေပိုင်ရှင် ဦးဒူဝါကရိန်းနော် မိသားစုက လက်ခံခဲ့သည်။

ယင်းနောက် ဦးဒူဝါကရိန်းနော်၏ မြေး ဒေါ်ကရိန်နန်ဘူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**


### အသိပေးကြေညာချက်


ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MALACCA HIGHWAY V.177S သင်္ဘောသည် ၂၉-၁၁-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


### သွားနုတ္တသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဗလ္လိက(၁၂)လမ်း၊ အမှတ်(၃၀၉/ခ)နေ ဦးလှအုန်းမောင်(ခ) ဗိုလ်အုန်း[၁၂/ဥကတ(နိုင်)၀၈၄၆၇၀]၊ ဒေါ်အေးစန်း [၁၂/ဥကတ(နိုင်)၀၈၇၄၁၅]တို့၏ သမီးကြီးဖြစ်သူ မအေးသီတာအောင်(ခ) မခင်ခင်ချို (ခ)မချို [၁၂/ဥကတ(နိုင်)၁၄၉၉၉၈]သည် မိဘနှင့်ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင်- ဦးလှအုန်းမောင်(ခ) ဗိုလ်အုန်း၊ မိခင်- ဒေါ်အေးစန်း



### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(၉D)၊ ဆံတော်အနောက်အကွက်၊ ဦးပိုင်အမှတ် (၄ဃ)၊ မြေဧရိယာ (၀. ၀၂၀) ဧကရှိသော မြေသည် ဦးမျိုးမြင့်အမည်ဖြင့် မြေငှားဂရန် ရရှိခဲ့ပြီး (၂၀-၇-၂၀၀၇) ရက်နေ့တွင် အရပ်ကတိစာချုပ်ဖြင့် ၎င်းထံမှ အကျိုးခံစားခွင့်လွှဲပြောင်းရယူခဲ့ပါသည်။ ဦးမျိုးမြင့်သည် ၂၈-၁-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပြီး ၎င်း၏မိသားစုများသည်လည်း မည်သည့်ဒေသသို့ ပြောင်းရွှေ့နေထိုင်ကြသည်ကို မသိရှိတော့ပါ။ ကျွန်တော်ဝယ်ယူခဲ့ပြီး လက်ရောက်ရယူနေထိုင်သောမြေအား ဂရန်သက်တမ်းတိုး အမည်ဖြင့် ကျွန်တော့အမည်ဖြင့် လျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဝင်းထူး
[၇/ပမန(နိုင်)၀၀၃၄၄၃]
